# ကြေးမုံ
**The Mirror**

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့၊ (22-5-2006) (၄၉၆၅)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## ဝန်ကြီး ဦးအောင်သောင်း စစ်ကိုင်းတိုင်းအတွင်း စက်ရုံများစစ်ဆေး ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး မှာကြား



ရန်ကုန်  မေ  ၂၁

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ ၁၉ ရက် ညနေ ၅ နာရီတွင် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့လည်းကောင်း၊ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် ကြက်ဆူဆီသုံး မီးဖို၊ အပ်ချုပ်စက်နှင့် စက်ဘီးများနှင့် သိုလှောင်ရုံရှိ ပစ္စည်းများသိုလှောင်မှုများကို ကြည့်ရှုစစ်ဆေးသည်။**

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

ညနေပိုင်းတွင် ဝန်ကြီးသည် ဆားလင်းကြီးမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံရှိ ဝါကောက်စက်များ၊ ဝါဖွစက်၊ ဝါလိပ်စက်များ၊ ဖိုင်းတောင့်အပင်ပေါင်းစက်၊ တည်ငင်းလုံးစက်၊ ချည်ငင်စက်၊ ရက်ဖောက်စက်နှင့် ရက်ကန်းစင်၊ ပိတ်စစ်စက်၊ စက်ရုံမှထုတ်လုပ်သော ပေါ်ပလင်အညိုနှင့် အဖြူချွတ်ပြီး ပေါ်ပလင်ဆေးဆိုးပန်းရိုက်ထည်များကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး မှာကြားသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳**

**မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း မုံရွာစက်မှုဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ကြေးမုံ အင်တာနက်သတင်းများ



**ဘိုင်အိုနစ်နည်းပညာဖြင့်တည်ဆောက်ထားသော စက်ရုပ်ငါးကို တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

### ဘိုင်အိုနစ် ဇီဝစက်မှုယန္တရားနည်းပညာဖြင့် စင်ကာပူသိပ္ပံပညာရှင်များ စက်ရုပ်ငါး တီထွင်

**စင်ကာပူ  မေ  ၂၁**

စင်ကာပူနိုင်ငံတွင် ပထမဆုံးအကြိမ် စက်ရုပ်ငါးကို တီထွင်ထုတ်လုပ်ထားကြောင်း မေ ၂၁ ရက် အင်တာနက် သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ဘိုင်အိုနစ် နည်းပညာအရ တီထွင်ထုတ်လုပ်ထားသော စက်ရုပ်ငါးသည် ပင်လယ်ရေအောက်၌ သွားလာနိုင်သော ရေယာဉ်တစ်မျိုးဖြစ်ပြီး အဏ္ဏဝါသုတေသနလုပ်ငန်းများလုပ်ဆောင်ရာတွင်လည်းကောင်း၊

**စာမျက်နှာ ၆ ကော်လံ ၅ သို့ ▲**

### တောင်ကိုရီးယားသင်္ဘောတည်ဆောက်ရေးကုမ္ပဏီများ ယခုနှစ်သုံးလပတ်တွင်လုပ်ငန်းကန်ထရိုက်ရရှိမှုစံချိန်တင်



**ဆိုးလ်  မေ  ၂၁**

တောင်ကိုရီးယား နိုင်ငံရှိ ဟွန်ဒိုင်း အကြီးစားစက်မှုလုပ်ငန်းကုမ္ပဏီနှင့် အခြားသင်္ဘောတည်ဆောက်ရေးကုမ္ပဏီ ရှစ်ခုတို့သည် ယခုနှစ် ပထမသုံးလပတ် ကာလတွင် အမေရိကန် ဒေါ်လာ ၁၂ ဘီလီယံဖိုးအထိ လုပ်ငန်းကန်ထရိုက်များ ရရှိခဲ့ကြောင်း၊ သင်္ဘောသစ်များ တည်ဆောက်ပေးရန် ယင်းကုမ္ပဏီများရရှိသည့် လုပ်ငန်းကန်ထရိုက်တန်ဖိုးမှာ စံချိန်တင်ငွေကြေးပမာဏပင်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၂၀ ရက်တွင် ပြောကြားသည်။

**စာမျက်နှာ ၆ ကော်လံ ၃ သို့ ●**

**တောင်ကိုရီးယားနိုင်ငံ အူလ်ဆန်မြို့ရှိ ဟွန်ဒိုင်း အကြီးစားစက်မှုလုပ်ငန်းကုမ္ပဏီက တည်ဆောက်နေသော ကုန်သေတ္တာတင် သင်္ဘောဦးပိုင်းကို တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

## ယနေ့မိုးလေဝသ

**၂၂–၅–၂၀၀၆**

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်း ရွာပြီး ခေတ္တမျှ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

**မန္တလေး**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

22-5)01.P65 1 1/2/32, 3:34 PM

ကြေးမုံ
The Mirror
၂၂-၅-၂၀၀၆
(တနင်္လာနေ့)

# ကျေးရွာချင်းဆက်လမ်းနှင့် တံတားများဖွင့်လှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆက်လက်ဆောင်ရွက်

နိုင်ငံအတွင်း လူဦးရေအများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေး အခြေအနေများ တိုးတက်မြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့်ကျေးလက်ဒေသများ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးလာမည်ဖြစ်သည်။

ကျေးလက်ဒေသ၏ အခြေခံသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ စိုက်ပျိုးရေးဖြစ်ထွန်းစေရန် စီမံဖြည့်ဆည်းပေးမှုများ တွေ့ရသည်။ စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေး အစီအမံများဖော်ဆောင်ပေးလျက်ရှိသည်။ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၃၀ တွင် မြို့နယ်လုံးကျွတ် သောက်သုံးရေရရှိနေကြပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း ကျေးလက်ဒေသများ၌ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးများ တိုးတက်ကောင်းမွန်လာစေရန် အခြေခံအဆောက်အအုံများ တိုးမြှင့်တည်ဆောက်ပေးနေသည်။ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် လမ်းပန်း ဆက်သွယ်ချောမွေ့ရေးအတွက်လည်း ကျေးရွာချင်းဆက်လမ်းများ၊ မြစ်ကူး ချောင်းကူးတံတားများကို တည်ဆောက်ပေးလျက်ရှိသည်။

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်ရှိ မူးမြစ်ကူးတံတား (သဖန်းဆိပ်)နှင့် ကျွန်းလှ-သဖန်းဆိပ်ကျောက်ချောလမ်း ဖွင့်ပွဲတို့ကို မေလ ၇ ရက်နေ့က ကျင်းပခဲ့သည်။ ယခင်ကတည်ရှိခဲ့သည့် တံတားဟောင်းမှာ ရာသီဥတုဒဏ်ကြောင့် ယိုယွင်းပျက်စီးနေသဖြင့် မော်တော်ယာဉ်များ မူးမြစ်ကိုဖောင်ဖြင့် ကူးသန်းခဲ့ကြရသည်။

ယခုတည်ဆောက်ဖွင့်လှစ်လိုက်သည့် မူးမြစ်ကူးတံတားမှာ အရှည် ၃၅၂ ပေ၊ အကျယ် ၁၈ ပေရှိပြီး မော်တော်ယာဉ်များ လွယ်ကူစွာသွားလာနေကြပြီဖြစ်သည်။ အဆိုပါတံတားကို စေတနာရှင်လုပ်ငန်းရှင်တစ်ဦးက ငွေကျပ် သိန်း ၁၁၀ ထည့်ဝင်ငွေနှင့် ဒေသခံလုပ်ငန်းရှင်များ ပါဝင်လှူဒါန်းငွေကျပ် ၉၅ သိန်း အပါအဝင် ငွေကျပ် ၂၀၅ သိန်းဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

အလားတူ ကျွန်းလှ-သဖန်းဆိပ်လမ်းဟောင်းမှာ ယခင်က ကျွန်းလှမြို့ဟောင်းနှင့် သစ်ရာပင်ကျေးရွာတို့ ဆက်သွယ်သော အမာခံကျောက်ခင်းလမ်းဖြစ်သည်။ ယခုအခါ အရှည်ကိုးမိုင်ကျော်ရှိသော ထိုလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့် ပြုပြင်ဖောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလမ်းကိုလည်း လုပ်ငန်းရှင်တစ်ဦးနှင့် ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေဖြင့် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

ကျွန်းလှ-သဖန်းဆိပ် ကျောက်ချောလမ်းကို ဖွင့်လှစ်လိုက်သည့် အတွက် ကျွန်းလှမြို့နယ်အတွင်းရှိ ရွာသီကျေးရွာအုပ်စု သဖန်းဆိပ်စံပြကျေးရွာ၊ ရှမ်းစုကျေးရွာအုပ်စု တပ်ကုန်းကျေးရွာ အပါအဝင် လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ မြို့ပြနှင့် လွယ်ကူစွာကူးသန်းဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် လမ်း၊ တံတားများ ဖောက်လုပ်တည်ဆောက်မှုအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက တက်ညီလက်ညီ ဆက်လက်ဆောင်ရွက် သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# သထုံမြို့ ရွှေပါရမီ မြစိမ်းသာမဏေကျော် ပရိယတ္တိစာသင်တိုက် ဖွင့်လှစ်

ရန်ကုန် မေ ၂၁

**သထုံမြို့ မြစိမ်းကျောင်းတိုက် ပဓာနနာယက ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက မြစိမ်းကျောင်းတိုက်ကို ပဲခူးမြို့ သာမဏေကျော် ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိစက္ခဏာလင်္ကာရာဘိဝံသသို့ လွှဲပြောင်းလှူဒါန်းခြင်းနှင့် စာသင်တိုက်ဖွင့်လှစ်ခြင်းအခမ်းအနားကို (၁၃၆၈ ခုနှစ် ကဆုန်လပြည့်နေ့) မေ ၁၁ရက်တွင် ကျင်းပရာ သထုံမြို့မှ လယ်ဝန်ဆရာတော်ကြီးအမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး၊ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်မှ ဆရာတော်ကြီးများနှင့် ဆတ်သွားမဟာဂန္ဓာရုံဘုံကျော် ဆရာတော်တို့ ကြွရောက်ချီးမြှင့်ကြသည်။** (အပေါ်ပုံ)

အရှင်ဆန္ဒာဓိကက ကျပ်သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိသော နှစ်ထပ်ကျောင်းဆောင်နှစ်ဆောင်နှင့် မတည်ငွေကျပ်သိန်း ၃၀အပြင် လစဉ်ပစ္စည်းလေးပါးအတွက် ကျပ်တစ်သိန်း၊ အရှင်ဆန္ဒာဓိကနှင့် ဦးရှိန်ဝင်း-ဒေါ်ခင်ချိုဦး (တက်လမ်းဆောက်လုပ်ရေး) တို့က ကျပ်သိန်း ၂၀၀တန် ဟိုင်းလတ်ကားတစ်စီး၊ ကျပ်သိန်း ၆၀တန် မီးစက်တစ်လုံးနှင့် ဦးရှိန်ဝင်း-ဒေါ်ခင်ချိုဦးတို့မှ ကျပ်သိန်း ၆၀၀ကျော် တန်ဖိုးရှိ ဘုရားစေတီ၊ သိမ်၊ ဓမ္မာရုံ၊ ဆွမ်းချက်ဆောင်၊ ရေစက်၊ အဝီစိတွင်းများနှင့် မတည်ငွေ ကျပ်သိန်း ၁၀၀၊ ပစ္စည်းလေးပါးအတွက် လစဉ် ကျပ်သုံးသိန်း၊ ဒေါ်ကျင်လှ သား Capt. ဌေးမြင့်က ကျပ်သိန်း ၃၀၊ ဦးစိုးနိုင် ဒေါ်စိမ့်ဟန်နီတို့က ကျပ်သိန်း ၂၀၊ ဦးမျိုးမြင့်-ဒေါ်မြင့်မြင့်သိန်း(စိန်မှူးဆေးပေါ့လိပ်)နှင့် ဦးနေဝင်း(မြိတ်)မှ ကျပ်သိန်း ၁၀ သိန်းစီနှင့် ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများက ပစ္စည်းလေးပါး အလို့ငှာ ကျပ်သိန်း ၂၅၀ ကျော်ကို ရေစက်ချ၍ အမှုပေးဝေလှူဒါန်းကြသည်။

**လောင်းလှူ**

ည ၇နာရီတွင် ယောဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားတော်မူသည်။ မေ ၁၂ရက်မှ ၁၄ရက်အထိ သထုံမြို့တွင် အရှင်ဆန္ဒာဓိက ဦးဆောင်၍ စာချဆရာတော်များနှင့် စာသင်သား သံဃာ ကိုရင်များက ဆွမ်းတန်း နေ့ဆွမ်း ဆွမ်းခံထွက်ကြရာ သထုံမြို့သူ၊ မြို့သားများက စေတနာသဒ္ဓါ ထက်သန်စွာဖြင့် လောင်းလှူကြကြောင်းသိရသည်။

(က-ပ)

## မြူးဆရာတော်တရားပွဲ

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကမာရွတ်ဘူတာရုံအနီး၊ ဓမ္မရက္ခိတ မြူးမဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက၊ ပြည်တွင်း၊ ပြည်ပ သာသနာပြု မြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ) အရှင်သူမြတ်သည် မေ ၂၄ရက်မှ ၂၆ ရက်အထိ တနင်္သာရီတိုင်း ထားဝယ်မြို့ ဓမ္မသဘင်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

## သီတဂူဆရာတော်တရားပွဲ

ရန်ကုန် မေ ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင်ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာရာမပါဠိ တက္ကသိုလ် ကျောင်းတိုက်တွင် မေ ၂၆ရက်(သောကြာနေ့) ည ၇နာရီမှ စ၍ စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိမဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt) Ph.D က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဟုသိရသည်။
(က-ပ)



# ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်ရန် လှူဒါန်း

ရန်ကုန် မေ ၂၁

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို မေ ၂၁ရက်က ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်၌ ကျင်းပရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံ ရိပ်မွန်နေ ဦးဘသောင်းကိုရည်စူး၍ မိခင် ဒေါ်မြင့်မြင့်၊ ကိုကျော်ခိုင်-မနှင်းနှင်း အေး၊ မခင်ဖြူအေး မိသားစုက ကြာသွတ်အိုးတစ်လုံး ကျပ် ၂၅၀၀၀၀နှင့် ရွှေသင်္ကန်းအတွက် ဦးဘသောင်းကိုရည်စူး၍ ဇနီး ဒေါ်မြင့်မြင့်က ကျပ် ၁၅၀၀၀၊ စုစုပေါင်း ကျပ် ၂၆၅၀၀၀ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ကိုယ်စား ဆီမီး ၉၉၀၀အဖွဲ့ နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌဦးဘိုကြည်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုးတို့က လက်ခံရယူပြီး ဂုဏ်ပြုအနုမောဒနာ မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီးကို ငွေကျပ်သိန်း ၁၆၅၀ အကုန်ခံ၍ ညောင်ဦးခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၏ ပံ့ပိုးကူညီမှုဖြင့် ဘုရားကြီးဂေါပကအဖွဲ့မှ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် နှစ်လက်မပတ်လည် ရွှေဆိုင်းတစ်ဆိုင်းကျပ် ၁၆၀၀၀၊ ၁၂လက်မပတ်လည် ရွှေချပြီး တစ်ချပ်ကျပ် ၇၀၀၀ ဖြင့် အတွင်းရေးမှူး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ညောင်ဦးခရိုင် ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၂၁၆၊ ဥက္ကဋ္ဌ ရွှေစည်းခုံဘုရားကြီး ဂေါပကအဖွဲ့ ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၈၂၅ နှင့် ဦးစိုးဝင်း(စဉ့်ကူစိုးဝင်း)စုပေါင်းရုံးဝင်း၊ ရွာမအရှေ့ရပ်ကွက်၊ အထက (၁)ရှေ့၊ အင်းစိန်မြို့ ဖုန်း-၀၁-၆၄၀၄၈၇၊ ၆၄၀၄၈၉ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၆၁)

# ကုန်သည်/ စက်မှုအသင်းချုပ် သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အသုံးချစာရင်းနှင့် အုပ်ချုပ်မှုပညာ UMFCCI Level I & II Course နှင့် Koeki Japanese Language Course သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၀ရက် မွန်းလွဲ ၂နာရီခွဲတွင် ဟိုတယ်နီကိုးလ်၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် အသင်းချုပ် အထွေထွေ အတွင်းရေးမှူး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် Koeki Japanese Language Course ဆရာ Mr. Eigo Khino Shito က ဂျပန်ဘာသာ သင်ကြားပို့ချမှုကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ ယင်းအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်နှင့် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်များက သင်တန်းထူးချွန်သူ၊ သင်တန်းဆင်းလက်မှတ်နှင့် သင်ကြားပို့ချခဲ့ကြသည့် သင်တန်းဆရာ၊ ဆရာမ များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(ဝဲပုံ)**
(သတင်းစဉ်)



# ရှမ်းပြည်နယ်မှာ ရွာတဲ့မိုး

## ရတနာစည်ဆရာတော်( လွိုင်လင် )

(က)

ရှမ်းပြည်နယ်မှာ ရွာတဲ့မိုး သွန်းဖြိုးထန်သည်းပုံမှာ ချောင်းလုံးလျှံ ကန်လုံးပြည့်ဖြစ်လေ၏။ မနားမရပ် တရစပ်ဖြင့် မပြတ်သွန်းလိုက်သည်မှာ မိုးပွင့်မိုးစက် မြေထက်အပြည့်ဖြစ်လေ၏။ ရှမ်းပြည်နယ်မှာ ရွာတဲ့မိုး ဘယ်လိုမိုးလဲ ဘာမိုးလဲ။

ရှမ်းပြည်နယ်မှာ ရွာတဲ့မိုး ပညာမိုး၊ သုတမိုး၊ စာပေမိုး၊ ပညာ၊သုတ စာပေတို့အတွက် ဒါနမိုး၊ စာဂမိုး၊ စေတနာမိုး။

(ခ)

ပထမဦးစွာ လားရှိုးမှာရွာတဲ့မိုးအကြောင်း မှတ်တမ်းတင်ကြပါမည်။ ၂-၅-၂၀၀၆ရက်နေ့မှာ လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် စာကြည့်တိုက်များ အတွက် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား။

ယင်းအခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များ၊ မြို့မိမြို့ဖ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ ကြပါသည်။

ထိုအခမ်းအနား၌ ဒေသအာဏာပိုင်များ၊ ဒေသအဖွဲ့အစည်းများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကတို့၏ စေတနာများကြောင့် ထင်ရှားစွာဖြစ်ထွန်းလာသော အလှူဝတ္ထုများမှာ စာကြည့်တိုက်ငွေပဒေသာ ပင်စိုက်ထူရန် ငွေသားကျပ် ၆၁ သိန်းကျော်၊ စာအုပ်ပေါင်း ၄၂၀၈၃ အုပ်(တန်ဖိုးငွေကျပ် ၂၈၇ သိန်းကျော်)၊ ရောင်စုံရုပ်မြင်သံကြားပြစက် ၃၃ လုံး (တန်ဖိုးငွေကျပ် ၅၄ သိန်းကျော်)နှင့် ရေဒီယို ၁၀၁ လုံးတို့ ဖြစ်ကြရာ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၁၈ သိန်းကျော်ဖြစ်ပါသည်။

ယင်းအခမ်းအနား၌ပြောကြားသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အမှာစကားကောက်နုတ်ချက်မှာ ဤသို့ ဖြစ်ပါ၏။

**"နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း၊ နိုင်ငံတော်အတွင်း၌ရှိသည့် ကျေးလက်ပြည်သူများ အပါအဝင် လူထုလူတန်းစားအားလုံးတို့အနေဖြင့် အသိပညာဗဟုသုတပြည့်ဝရန်၊ အတွေးအခေါ်မှန်ကန်ရန် အထူးလိုအပ်ကြောင်း၊ ပြည်သူများ အတွေးအခေါ် မှန်ကန်ရန်နှင့် အသိပညာဗဟုသုတရရှိရေးတို့အတွက် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာဖြင့် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မဖြစ်မနေဖွင့်လှစ် ဆောင်ရွက် ကြရန် လမ်းညွှန်မှာကြားချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပြည်နယ်နှင့် တိုင်းအလိုက် ကြိုးပမ်းအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။"**

**"စာကြည့်တိုက်များသည် စာအုပ်၊စာတမ်း၊ ဂျာနယ်၊ မဂ္ဂဇင်းများကို လေ့လာဖတ်ရှုရန် စုဆောင်းသိမ်းထားသော နေရာဌာနတစ်ခု ဖြစ်သည့် အတွက် ပညာဘဏ်တိုက်၊ စာကြည့်တိုက်ဟု ခေါ်ဆိုနိုင်ကြောင်း၊ ထို့ပြင် စာအုပ်နှင့်ပြည်သူလူထု ဆက်သွယ်ပေါင်းကူးသောဌာန၊ ဘဝတစ်သက်တာ စာဖတ်ခန်း၊ နိုင်ငံတော်၏ဦးနှောက်ဟူ၍လည်း အမျိုးမျိုးခေါ်ဆိုနိုင်ကြောင်း၊ အသိပညာဖြန့်ဖြူးရေးတွင် အထိ ရောက်ဆုံးဌာနတစ်ခု ဖြစ်ကြောင်း။"**

ယင်းအခမ်းအနား၏ ထင်ရှားသောမှတ်တိုင်မှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) တစ်ခွင်ရှိ ကျေးရွာပေါင်း ၂၅၈၉ ရွာ၌ ကျေးရွာကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်အသီးသီး ဖွင့်လှစ်တည်ပြီးဖြစ်သည်ဟူသော အချက် ဖြစ်၏။

(ဂ)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ် လမ်းညွှန်ပေးထားခဲ့၏။

- **ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊**
- **ရေကောင်းရေသန့် ရရှိရေး၊**
- **ပညာရည် အဆင့်မြှင့်တင်ရေး၊**
- **ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေး၊**
- **စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး**

ယင်းလမ်းညွှန်ချက်ကို ဒေသအာဏာပိုင်ဖြစ်သည့် တိုင်းမှူးများနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက အချိတ်အဆက်မိမိ အကောင်အထည် ဖော်ခဲ့ကြရာ တတိယလုပ်ငန်းစဉ်အတွက် ပညာရေးဝန်ကြီးဌာန၊ နယ်စပ် ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနတို့နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနကလည်း **"ရွာရှိလျှင် စာရှိရမည်"**ဟု ကြွေးကြော်သောအလား အင်အားအပြည့်အဝ ဝီရိယ ဇွဲသန်သန်ဖြင့် ကျေးရွာမှန်လျှင် စာကြည့်တိုက်ရှိလာရန် သွက်လက်သော ခြေလှမ်းများ မနားမနေ လှမ်းလျက်ရှိနေ၏။

ယခု လားရှိုးမှာရွာသောမိုးသည် ယင်း၏ပြယုဂ် ဖြစ်တော့၏။

(ဃ)

လားရှိုးမှာရွာတဲ့မိုးမတိုင်မီ တစ်ပတ်ခန့်စော၍ ကျိုင်းတုံမှာလည်း မိုးရွာခဲ့၏။ ပညာ၊ သုတ၊ စာပေတို့အတွက် ဒါနမိုး၊ စာဂမိုး၊ စေတနာ မိုးပင် ဖြစ်၏။

၂၅-၄-၂၀၀၆ ရက်နေ့မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ကျင်းပသော စာကြည့်တိုက်များအတွက် အလှူငွေ လှူဒါန်းပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တို့ တက်ရောက်၍ အမှာစကားပြောကြား ချီးမြှင့်ပေးကြ၏။

အားသုံးအားမှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့် စေတနာရှင်ပြည်သူများ၏အားဖြစ်ပြီး စာကြည့်တိုက်များ ရေရှည် တည်တံ့ရန်၊ ဖွံ့ဖြိုးတိုးတက်ရန် အနာဂတ်ရှေ့လုပ်ငန်းစဉ်ငါးရပ်မှာ ဤသို့ဖြစ်ပါ၏ -

**၁။ ကျေးရွာပြည်သူများ စာအုပ်စာစောင်များကို အမြဲမပြတ် ဖတ်ရှုလေ့လာနိုင်အောင် ဆက်လက်စည်းရုံးဆောင်ရွက်ရေး၊**

**၂။ စာအုပ်စာစောင်များ လစဉ်တိုးပွားနေအောင် ကျေးရွာအလိုက် စာအုပ်ငှားစနစ် ချမှတ်၍လည်းကောင်း၊ စေတနာရှင်များထံမှ အလှူငွေရှာဖွေ၍လည်းကောင်း ရန်ပုံငွေထူထောင်ဆောင်ရွက်ရေး၊**

**၃။ စာကြည့်တိုက်အဆောက်အအုံ မရှိသေးပါက ဆက်လက် ထူထောင်ရေး၊**

**၄။ စာကြည့်တိုက်ပရိဘောဂများ ပိုမိုပြည့်စုံလာအောင် ဆက်လက် ထူထောင်ရေး၊**

**၅။ စာကြည့်တိုက်မှူးကောင်းများရှိလာ ဖြစ်လာအောင်လေ့ကျင့် ပျိုးထောင်ပေးရေး။**

> **"နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ကျေးလက်နေ လူကြီး၊ လူငယ်ပြည်သူများ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ခြင်း၊ အသိပညာဗဟုသုတ တိုးပွားခြင်း၊ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ခြင်း၊ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ နိုင်ငံတော်ကို အလုပ်အကျွေးပြုသည့် သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေခြင်း စသည့် အကျိုးတရားများ ခံစားရရှိကြမည် ဖြစ်ကြောင်း"**

ယင်းအခမ်းအနား၏ ထင်ရှားသော ရုပ်လွှာမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးရွာ ၁၉၈၅ရွာ၌ ကိုယ့်အားကိုယ်ကိုး ဖွင့်လှစ်နိုင်ပြီးဖြစ်သည့် စာကြည့်တိုက်များနှင့် ထိုစာကြည့်တိုက်များအတွက် စေတနာရှင်များ၏ ဒါနမိုးတို့ဖြစ်၏။ ငွေသားဒါနကျပ် ၂၇သိန်းကျော်၊ ရုပ်မြင်သံကြားဖမ်း ဆက် ၅၁လုံး၊ ကက်ဆက် ၁၁လုံးနှင့် ရေဒီယို ၃၅ လုံး(တန်ဖိုးငွေကျပ် ၅၃သိန်းကျော်)၊ စာအုပ်စာစောင်မျိုးစုံ ၄၆၄၆အုပ်(တန်ဖိုးငွေကျပ် ခုနစ်သိန်း ကျော်) စုစုပေါင်း တန်ဖိုးငွေကျပ် ၈၈ သိန်းကျော် ဖြစ်၏။

ယင်းအခမ်းအနား၌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်ပြောကြားသော အမှာစကား ကောက်နုတ်ချက်မှာ ဤသို့ ဖြစ်ပါ၏။

**"နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးရွာကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ခြင်းကြောင့် ကျေးလက်နေ လူကြီး၊ လူငယ်ပြည်သူများ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ခြင်း၊ အသိပညာဗဟုသုတ တိုးပွားခြင်း၊ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြား နိုင်ခြင်း၊ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ခြင်း၊ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ နိုင်ငံတော်ကို အလုပ်အကျွေးပြုသည့် သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေခြင်း စသည့် အကျိုးတရားများ ခံစားရရှိကြမည် ဖြစ်ကြောင်း"**

(င)

ဖော်ပြခဲ့ပြီးသော အခမ်းအနားများတွင် ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အောက်ပါအတိုင်း အမှာစကား ပြောကြားခဲ့၏။

**"ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ကြောင်း၊ ပညာဖြင့် အရာရာကို စေစားနိုင်သည့်အခါသမယတွင် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ပညာရည်မြင့်မားရေးကို အလေးပေး ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။**

**"နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ကျေးရွာပြည်သူ များ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ယခုကဲ့သို့ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးနေခြင်း ဖြစ်ကြောင်း။ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ တိုးပွား လာသည်နှင့်အမျှ ၎င်းတို့၏စိုက်ပျိုးရေး၊ ပညာရေး၊ကျန်းမာရေးကဏ္ဍ များလည်း ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း။**

**"ဤကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ရေး စီမံ ကိန်းကို ၂၀၀၄-၂၀၀၅ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၁၉၄၉ ရွာအနက် ၅၃၅၅၄ ရွာတွင် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း။ သို့ပါ၍ တစ်နိုင်ငံလုံးရှိ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးပြီးပြီဟု ဆိုနိုင်ကြောင်း။**

**"မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ကျေးရွာတိုင်း စာကြည့်တိုက်ရှိသည့် ပထမဦးဆုံးနိုင်ငံအဖြစ် ဂုဏ်ယူနိုင်ပြီ ဖြစ်ကြောင်း"**

ဝန်ကြီး၏အမှာစကားထဲတွင် အားသုံးအားနှင့် အနာဂတ် လုပ်ငန်းစဉ် ငါးရပ်မှာ မှတ်သားဖွယ်အထူးကောင်းသဖြင့် သီးခြား ထုတ်နုတ်ဖော်ပြ အပ်၏။

ယင်းလုပ်ငန်းစဉ်(၅)ရပ်နှင့် ဆက်စပ်လျက်စာပေသမားများ ဖြစ်ကြသော ဤအရှင်တို့သည် အတွေ့အကြုံနှင့် ယှဉ်တွဲကာ စဉ်းစား သုံးသပ်အပ်ကြ၏။ စာပေသမားများပီပီ ကျောင်း၌ ပိဋကတ်စာပေများ သာမက ဗဟုသုတဖြစ်ဖွယ် စာအုပ်စာစောင်များ ထားရှိ၏။ သတင်းစာ ထားရှိ၏။ တပည့်တပန်းများကို စာဖတ်ကျင့် သတင်းစာဖတ်ကျင့်ပေး ထား၏။ ရှင်သာမဏေငယ်လေးများအတွက်မူ စာဖတ်ပြေးစေရန် သတင်းစာခေါင်းကြီးကို နေ့စဉ်အသံထွက်ဖတ်စေ၏။ လက်ရေးလှ လေ့ကျင့်ခန်းအဖြစ် သတင်းခေါင်းစီးတစ်ခုပေးပြီး လက်ရေးကျင့်စေ၏။ ဒကာ၊ ဒကာမများအား စာများများဖတ်ကြရန် အမြဲတိုက်တွန်းပြီး စာအုပ်စာပေများကို အခမဲ့ငှားပေး၏။

သည်ဖြစ်စဉ်၌ ကာလကြာလာသော်အခက်အခဲတွေ့ကြုံလာရ၏။ စာအုပ်ငှားပြီး ပြန်မပို့သော၊ စာအုပ်များ စုတ်ပြဲလာသော၊ စာအုပ်ထဲပါ ရုပ်ပုံများ ဖြတ်ယူခံရသော ရတ်တရက် စာအုပ်လာငှားရာမျိုးတွင်ငှားသူကို မှတ်မထားမိသဖြင့် ဘယ်သူငှားလိုက်မှန်းမသိတော့ဘဲ စာအုပ် အဆုံးခံရ သော...စသည့် သော...သော...တို့ပင် ဖြစ်၏။ ယခုသော်စာပေ ဝါသနာ အထူးကြီးမားသည့် အရှင်အဂ္ဂိရာနန္ဒ (ဓမ္မာစရိယတန်း)အား သူ့စိတ်ကြိုက်ကျောင်းတွင်း ကိုယ်ပိုင်စာကြည့်တိုက်လေး ဖွင့်ခွင့်ပေး ထားပြီး စာရင်းနှင့် အင်းနှင့် တိတိကျကျ လုပ်လျက်ရှိသောကြောင့် 'သုခမိန်စာကြည့်တိုက်'ဟု စနစ်တကျလေး ဖြစ်လာလျက်ရှိ၏။

ထို့ကြောင့် အမှတ်စဉ်(၅)သည် အထူးအရေးကြီးလိမ့်မည်။ အခြား အမှတ်စဉ်များနှင့် ပတ်သက်၍ ကျေးရွာဆရာတော်များ၊ ရွာလူကြီးများ၊ ကျေးရွာရှိငွေကြေးနှင့် အမြင်ပြည့်စုံသူများက ဦးဆောင်လျက် စည်းရုံး ဆောင်ရွက်ကြရပါမည်။

(စ)

ဤအရှင်တို့ သီတင်းသုံးရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ တပ်မတော် အစိုးရမတက်ရောက်မီက ပြန်/ဆက် စာကြည့်တိုက်ပင် သုံးတိုက်မျှသာ ရှိခဲ့ရာမှ ယခုသော် စာကြည့်တိုက် ၂၇ တိုက်အထိ တိုးတက်လာခြင်း၊ ကျေးလက်စာကြည့်တိုက် တစ်တိုက်မျှပင်မရှိခဲ့ရာမှ ယခုသော် ကျေးရွာ စာကြည့်တိုက် ၁၈၇၈ တိုက်အထိ တိုးတက်လာခြင်းများ ဖြစ်ထွန်း လာလျက် ရှိနေပါပြီ။

ဤသည်တို့ကား တစ်တိုင်းတစ်ပြည်လုံး တအုန်းအုန်းလှုပ်ရှားကာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာတွင် ရှမ်းပြည်နယ်က တက်ကြွစွာပါဝင်နေပုံကိုရှုရင်း မုဒိတာမျက်ဝန်း၌ ထင်လာသည့် အားသုံးအား မိုးပွင့်ဝဲဝဲဝင့် သွန်းရွာဟန် ရုပ်ပုံလွှာ ဖြစ်ပါသည်။

(ဆ)

ဤတွင် မိုးနှင့်ပတ်သက်သော ပိဋကတ်အမြင်တစ်ရပ်ကို ပြသင့် ပါ၏။ ကမ္ဘာဟောင်းပျက်စီးပြီး ကမ္ဘာသစ်ကြီးတည်မလာမီ ပထမဦးစွာ ရွာသွန်းသောမိုးကို ကမ္ဘာပြုမိုး(ဝိဝဋ္ဋဝဿ)ဟု ဝေါဟာရပြုထားခြင်း ဖြစ်၏။ ကမ္ဘာပြုမိုးကြောင့် ကမ္ဘာကြီးဖြစ်တည်လာရသည်ဟု ဆိုလို၏။

ယခု ရှမ်းပြည်နယ်မှာ ရွာသောမိုးသည် ယင်းကမ္ဘာပြုမိုးပမာ ပညာကမ္ဘာကို ဖြစ်တည်စေသော "ပညာကမ္ဘာပြုမိုး" ဟု ရိုးသားကြည် လင်စွာ ရှုမြင်နေရပါသတည်း။ ။



တရုတ်နိုင်ငံ၌ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သော မြစ်ကျဉ်းသုံးသွယ် ရေကာတာစီမံကိန်းကို မေ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တရုတ်နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြင့်တက်

**ပေကျင်း မေ ၂၀**

တရုတ်နိုင်ငံတွင် ယခုနှစ် ပထမလေးလတာကာလအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄၈ ဘီလီယံရှိခဲ့ရာ လွန်ခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းစာလျှင် ၅ ဒသမ ၇၆ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက မေ ၂၀ရက်တွင် ပြောကြားသည်။

၂၀၀၆ ခုနှစ်၏ ပထမလေးလတာကာလအတွင်း တရုတ်နိုင်ငံ၌ နိုင်ငံခြားကုမ္ပဏီ ၁၂၆၃၉ ခုကို စီးပွားရေးလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်ရန် ခွင့်ပြုပေးခဲ့သည်။ **အင်တာနက်။**

# ပါကစ္စတန်လေတပ်မှ ဂျက်တိုက်လေယာဉ်တစ်စင်းပျက်ကျ

**အစ္စလမ္မာဘတ် မေ ၂၀**

ပါကစ္စတန်လေတပ်(ပီအေအက်ဖ်)မှ ပြင်သစ်နိုင်ငံလုပ် မီးရပ်ချ်တိုက်လေယာဉ်တစ်စင်းသည် ကရာချိဆိပ်ကမ်းမြို့အနီးတွင် ကြာသပတေးနေ့က ပျက်ကျခဲ့ကြောင်း၊ သို့ရာတွင် လေယာဉ်မှူးသည် အရေးပေါ်လေထီးဖြင့် ဘေးမသီရန်မခဘဲ ခုန်ချနိုင်ခဲ့ကြောင်း ပီအေအက်ဖ်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါတိုက်လေယာဉ်သည် ပုံမှန်လေ့ကျင့်ရေး ပျံသန်းနေစဉ် စက်ချွတ်ယွင်းမှုပြဿနာကြောင့် ကရာချိမြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၈၀ ခန့် အကွာနေရာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ပြောရေး ဆိုခွင့်ရှိသူဆာဖာရက်ဇ်အာမက်က ပြောကြားသည်။ ယင်းလေယာဉ်ပျက်ကျမှုကြောင့် ထိခိုက်ပျက်စီးနှင့် သေဆုံးမှုမရှိခဲ့ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းလေယာဉ် ပျက်ကျသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ပါကစ္စတန် လေတပ်ဌာနချုပ်က စုံစမ်းရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ပါကစ္စတန်လေတပ်မှလေယာဉ်များ မကြာမီနှစ်များအတွင်း မကြာခဏ ပျက်ကျခဲ့သည်။ ပီအေအက်ဖ်မှ အခြားမီးရပ်ချ် ဂျက်တိုက်လေယာဉ်တစ်စင်းသည်လည်း ကရာချိမြို့အနီး ဧပြီလက ပျက်ကျခဲ့သေးသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# အာဖဂန်နစ္စတန်တွင် တိုက်ခိုက်မှုများ ဖြစ်ပွား

**ကန်ဒါဟာ (အာဖဂန်နစ္စတန်) မေ ၂၀**

တာလီဘန်အစိုးရ ၂၀၀၁ ခုနှစ်တွင် ပြုတ်ကျခဲ့ပြီးချိန်နောက်ပိုင်း အာဖဂန်နစ္စတန်နိုင်ငံတွင် ပြင်းထန်သောတိုက်ပွဲများ ဖြစ်ပွားခဲ့ရာ လွန်ခဲ့သည့် နှစ်ရက်အတွင်း လူ ၁၀၀ ခန့်သေဆုံးခဲ့ရသည်။ ရာချီရှိသည့် တွန်းလှန်တိုက်ခိုက်ရေးသမားများက အာဖဂန်တောင်ပိုင်းဒေသရှိ မြို့အတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုများ နိုင်ငံတစ်ဝန်းသို့ ကူးစက်သွားပြီဖြစ်သည်။

ရဲတပ်ဖွဲ့နှင့် တာလီဘန်ပြောက်ကျားများသည် မော့ဆာကာလာမြို့တွင် ဗုဒ္ဓဟူးနေ့က တိုက်ခိုက်ကြစဉ်အတွင်း ရဲတပ်ဖွဲ့ဝင် ၁၃ ဦးနှင့် တာလီဘန်ပြောက်ကျား ၄၀ သေဆုံးခဲ့သည်ဟု အစိုးရတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

**တိုက်ခိုက်**

တာလီဘန်အစိုးရ ပြုတ်ကျပြီးသည့်နောက် ဟယ်လ်မန်းပြည်နယ်တွင် တာလီဘန် ပြောက်ကျားများက အင်အား အများအပြားသုံးကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဟယ်လ်မန်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး အက်ဘန်ဇာဒါက ပြောကြားသည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) မှ တပ်ဖွဲ့ဝင်များ ရောက်လာချိန်တွင် တာလီဘန် ပြောက်ကျားများက အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များနှင့် ပြည်ပတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုအရှိန်မြှင့်ထားခဲ့သည်။

ရဲတပ်ဖွဲ့ဝင် ၁၃ဦး သေဆုံးပြီး တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ တာလီဘန် ၄၀ သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ယူဆွတ်စတန်နစ်ဇိုင်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

# နျူကလီးယား ဓာတ်အားပေးစက်ရုံ အင်ဒိုနီးရှား တည်ဆောက်မည်

**ဂျကာတာ မေ ၂၀**

အင်ဒိုနီးရှားနိုင်ငံသည် နျူကလီးယား ဓာတ်အားပေးစက်ရုံတည်ဆောက်ရေး စီမံကိန်းကို အစီအစဉ်အတိုင်း တည်ဆောက်မည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက မေ ၂၀ ရက်တွင် ပြောကြားသည်။

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀၀ ထုတ်လုပ်နိုင်မည့် နျူကလီးယားဓာတ်အားပေးစက်ရုံသစ်သည် ၂၀၁၅ ခုနှစ် သို့မဟုတ် ၂၀၁၆ ခုနှစ်တွင် စတင်လည်ပတ်နိုင်မည်ဟု မျှော်လင့်ရကြောင်း သုတေသနနှင့် နည်းပညာဝန်ကြီးကာဒီမင်းက ပြောကြားသည်။ **အင်တာနက်။**



ဖိလစ်ပိုင်နိုင်ငံ မနီလာပင်လယ် ကမ်းရိုး တန်းသို့ ရောက်ရှိလာသော ဝေလငါးငယ်တစ်ကောင်ကို ရေလုပ်သားများက ကယ်တင်ရန် ကြိုးပမ်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# နေစွမ်းအင်သုံးကား အီရန်တီထွင်

**တီဟီရန် မေ ၂၀**

အီရန်နိုင်ငံ တီဟီရန်တက္ကသိုလ်ရှိ စက်မှုအင်ဂျင်နီယာဌာနသည် အီရန်ခိုဒရိုစက်မှုလုပ်ငန်းမှ ကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းလျက် နေရောင်ခြည်စွမ်းအင်သုံး ကားတစ်မျိုးကို တည်ဆောက်ထားပြီးဖြစ်ကြောင်း မေ ၂၀ ရက် အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အရှေ့အလယ်ပိုင်းဒေသတွင် နေရောင်ခြည်စွမ်းအင်သုံး ကားတစ်မျိုးကို တည်ဆောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဂါဇာဟူ၍ အမည်ပေးထားသော နေရောင်ခြည်စွမ်းအင်သုံး ကားကို ခြောက်လ အချိန်ယူခဲ့ရကြောင်း နေရောင်ခြည်စွမ်းအင်သုံးကား စီမံကိန်း ဒီဇိုင်းပညာရှင်နှင့် စီမံကိန်းအကြီးအကဲ ခါရန်အက်ဘရီနီယာက သတင်းထောက်များအား ပြောကြားသည်။**အင်တာနက်။**

# ဗီယက်နမ်တွင် ရေလုပ်သားများ ပျောက်ဆုံး

**ဟန္နိုင်း မေ ၂၀**

ဗီယက်နမ်နိုင်ငံတွင် ချန်ချူးအမည်ရှိ တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်သွားစဉ်အတွင်း ရေလုပ်သား ၉၉ဦးပျောက်ဆုံးသွားခဲ့ရာ ၎င်းတို့ကို ရှာဖွေရန် ကြိုးပမ်းနေကြောင်း နိုင်ငံပိုင်ရေဒီယိုက ကြာသပတေးနေ့တွင် ပြောကြားသည်။ တောင်တရုတ်ပင်လယ်တွင် ယခုလအတွင်း အပြင်းထန်ဆုံး တိုက်ခတ်သွားသည့် မုန်တိုင်းဖြစ်ပြီး ဖိလစ်ပိုင်တွင် ယင်းလေမုန်တိုင်းဒဏ်ကြောင့် လူ ၃၇ ဦး သေဆုံးခဲ့ရသည်။

**ကြေညာ**

တိုင်ဖုန်းလေမုန်တိုင်း တိုက်ခတ်နေစဉ်တွင် မုန်တိုင်းလမ်းကြောင်းကျရာ ဟိုင်နန်ကျွန်းတောင်ပိုင်း ကီလိုမီတာ ၃၀၀ ခန့် အကွာတွင် ၎င်းရေလုပ်သားများ ရောက်ရှိနေကြောင်း၊ ငါးဖမ်းသင်္ဘော ၁၁ စင်းပေါ်၌ လိုက်ပါလာသည့် ၎င်းရေလုပ်သားများက ရေဒီယိုဖြင့် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ဆက်သွယ်ခဲ့ကြောင်း အဆိုပါရေဒီယိုက ကြေညာသည်။ ၎င်းရေလုပ်သားများကို ရှာဖွေရန်အတွက် ဗီယက်နမ်အစိုးရက ဖော်ပြပါဒေသအနီးရှိ သင်္ဘောအားလုံးကို အကြောင်းကြားထားပြီးဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ။**





# "သိပ္ပံရထား" အိန္ဒိယမှ ပါကစ္စတန်သို့ ခုတ်မောင်းမည်

**နယူးဒေလီ မေ ၂၀**

အိန္ဒိယနိုင်ငံသည် အိမ်နီးချင်း ပါကစ္စတန်နိုင်ငံသို့ "သိပ္ပံရထား" ဟူ၍ အမည်ပေးထားသော ရထားတစ်စင်းကို စေလွှတ်မည်ဖြစ်ကြောင်း၊ ယင်းမှာ ရထားတစ်စင်းပေါ်တွင် သိပ္ပံပြပွဲ ခင်းကျင်းပြသရန်ပင်ဖြစ်ကြောင်း အိန္ဒိယ သိပ္ပံဝန်ကြီး ကပီးလ် ဆီဘယ်လ်က မေ ၁၉ ရက်တွင် ပြောကြားသည်။

"ဗီဂရန်ရေး"ဟူ၍ အမည်ပေးထားသော သိပ္ပံရထားခုတ်မောင်းနိုင်ရန် ပါကစ္စတန်အာဏာပိုင်များနှင့် မိမိတို့ ညှိနှိုင်းတိုင်ပင်လျက်ရှိကြောင်း ကပီးလ်က ပြောကြားသည်။ ဗီဂရန်ရေးဟူသော ဝေါဟာရသည် ဟင်ဒီဘာသာစကား အရ သိပ္ပံရထားဟူ၍ အဓိပ္ပာယ်ရရှိသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ကပီးလ်၏ ပြောကြားချက်ကို ကိုးကားလျက် ပီတီအိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှအုပ်စိုးမှုအောက်မှလွတ်မြောက်ကာ လွတ်လပ်ရေးရရှိလာပြီးချိန်နောက်ပိုင်း စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့သည်။ ယင်းစစ်ပွဲများအနက် စစ်ပွဲနှစ်ကြိမ်သည် ဟိမဝန္တာတောင်တန်းဒေသရှိ ကက်ရှ်မီးယားဒေသပိုင်ဆိုင်မှုနှင့် ပတ်သက်လျက်ရှိသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ၂၀၀၄ခုနှစ် အစောပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြန်လည်အသက်သွင်းလာခဲ့ကြသည်။ နှစ်နိုင်ငံ ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်အများအပြားကို ချမှတ်ဆောင်ရွက်ခဲ့ရာတွင် နှစ်နိုင်ငံ ကူးသန်းသွားလာမည့် ဘတ်စ်ကားနှင့် မီးရထား ခရီးစဉ်ပြေးဆွဲမှုများလည်းပါဝင်သည်။ **အင်တာနက်။**



အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်၌ ဓာတုလက်နက်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဝတ်စုံပြည့် လေ့ကျင့်နေသည်ကို မေ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရတ်ကို ကျူးကျော်တိုက်ခိုက်မှု မှားယွင်းကြောင်း ကန်နိုင်ငံသားအများစုက ထင်မြင်ချက်ပေး

**ဝါရှင်တန် မေ ၂၀**

အမေရိကန်က အီရတ်သို့ကျူးကျော်စစ် ဆင်မှုသုံးနှစ်ကျော်လေးနှစ်အတွင်းသို့ ရောက်ရှိလာချိန်တွင် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ပြည်သူလူထု၏ ထောက်ခံမှုမှာ ကျဆင်းလျက်ရှိကြောင်း၊ အီရတ်ကိုကျူးကျော်တိုက်ခိုက်ခြင်းသည် အမှားတစ်ရပ်ဖြစ်ပြီး အီရတ်တွင် အမေရိကန်တို့ အထိနာလျက်ရှိသည်ဟု အမေရိကန်နိုင်ငံသားအများစုက ထင်မြင်ချက်ပေးကြကြောင်း မေလအတွင်းက ကောက်ယူခဲ့သည့် သဘောထားစစ်တမ်းများအရ သိရှိရသည်။

**စိတ်ရှည်သည်းခံ**

အီရတ်နိုင်ငံတွင် အမေရိကန်တို့ ရင်ဆိုင်နေရသည့်ရန်သူများကို ချေမှုန်းအောင်မြင်နိုင်ရေးအတွက် အဓိကအကြောင်းရင်းတစ်ရပ်မှာ စိတ်ရှည်သည်းခံမှုပင်ဖြစ်ကြောင်း အမေရိကန်ကြည်းတပ်နှင့် မရိန်းတပ်ဖွဲ့ဝင်များအတွက် သောင်းကျန်းမှု ချေမှုန်းရေး လက်စွဲစာစောင်သစ်မူကြမ်းတစ်ရပ် ရေးဆွဲရာတွင် ပါဝင်ကြသည့် စစ်ဘက်ဆိုင်ရာ အရာရှိများနှင့် ကျွမ်းကျင်သူများက ပြောကြားကြသည်။

ကမ္ဘာပေါ်ရှိ အခြားဒေသများတွင် ဆောင်ရွက်ခဲ့ဖူးသော ခုခံတိုက်ခိုက်မှု ချေမှုန်းရေးစီမံကိန်းများသည် ငါးနှစ်မှ ၁၅ နှစ်အထိ ကြာမြင့်လေ့ရှိကြောင်း စစ်ဘက်ဆိုင်ရာ သမိုင်းအထောက်အထားများက ဖော်ပြသည်။

**ရေးသားထား**

အဆိုပါ လက်စွဲစာစောင်မှာ ကြည်းတပ်အတွက် အနှစ် ၂၀အတွင်းတွင်လည်းကောင်း၊ မရိန်းတပ်အတွက် ၂၅နှစ်အတွင်းလည်းကောင်း အသစ်ထုတ်ဝေခြင်းဖြစ်သည်။ နှစ်ပေါင်း ၅၀ အတွင်း ကြည်းတပ်၏ အပြင်းထန်ဆုံးသော ပြောင်းလဲမှုအတွေ့အကြုံများကို ရေးသားထားသည်။ ***အင်တာနက်။***



**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် မေ ၁၈ရက်က ကျင်းပသော တိရစ္ဆာန်ပြပွဲ၌ အူရန်ဂူတန်လူဝံများ သရုပ်ဆောင်နေစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



**တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် မေ ၂၀ရက်က ကျင်းပသော လူငယ်နှင့် အားကစားပွဲတော်တွင် လူသား မျှော်စင် သရုပ်ဖော်စဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်အနောက်ပိုင်းတွင် ကန်ရေတပ်သားတစ်ဦးသေဆုံး

**ဘဂ္ဂဒက် မေ ၂၀**

အမေရိကန်ရေတပ်သားတစ်ဦးသည် တွန်းလှန်တိုက်ခိုက်ရေးသမား၏ တိုက်ခိုက်မှုခံခဲ့ရသဖြင့် အန်ဘာပြည်နယ်တွင် ဗုဒ္ဓဟူးနေ့က သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်က ကြာသပတေးနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

၎င်းရေတပ်သား သေဆုံးကြောင်း ၎င်း၏မိသားစုဆွေမျိုးသားချင်းများထံ အကြောင်းကြားနေဆဲဖြစ်၍ ၎င်း၏ အမည်ကိုထုတ်ဖော်ကြေညာခြင်းမရှိပေ။

အီရတ်စစ်ပွဲ ၂၀၀၃ ခုနှစ် မတ်လတွင် စတင်ဖြစ်ပွားခဲ့သည့်နောက် အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ဖော်ပြပါသေဆုံးသူ အပါအဝင် ၂၄၄၅ ဦးရှိပြီဖြစ်သည်။

ပြောက်ကျားများ နေထိုင်သည့် ရာမာဒီ၊ ဖလူးဂျာနှင့် ကွိုင်မြို့တို့ ပါဝင်သည့် အန်ဘာပြည်နယ်သည် အီရတ်ရှိ ပြည်ပ တပ်ဖွဲ့ဝင်များကို ဆန့်ကျင်တွန်းလှန် တိုက်ခိုက်သည့် ဒေသဖြစ်နေသည်မှာ ကြာမြင့်ပြီဖြစ်ပြီး ၂၀၀၃ ခုနှစ် မတ်လနောက်ပိုင်း ကာလကတည်းက ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ဂွာတာနာမိုအကျဉ်းစခန်းတွင် ပါကစ္စတန်အကျဉ်းသားများရှိနေ

**အစ္စလမ္မာဘတ် မေ ၂၀**

ဂွာတာနာမို အမေရိကန်အကျဉ်းစခန်းတွင် ပါကစ္စတန်နိုင်ငံသား အကျဉ်းသား ၂၉ဦး ယခုထက်တိုင်အောင်ရှိနေသေးကြောင်း၊ ၎င်းတို့အနက်မှ အကျဉ်းသားရှစ်ဦးကို မကြာမီအချိန်အတွင်း လွှတ်ပေးဖွယ်ရှိကြောင်း ပါကစ္စတန် ပြည်ထဲရေးဝန်ကြီး အက်ဖ်တက်ရှာပါအိုက စနေနေ့တွင် ပြောကြားသည်။

ဂွာတာနာမိုအကျဉ်းစခန်းတွင် ပါကစ္စတန်လူမျိုး ၂၉ ဦး ယခုတိုင်ရှိနေသေးသည်ဟု အမေရိကန်က ပါကစ္စတန်ထံသို့ပြောကြားကြောင်း ရှာပါအိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဂွာတာနာမိုအကျဉ်းစခန်းတွင် ပါကစ္စတန်အကျဉ်းသား စုစုပေါင်း ၆၇ ဦး အထိရှိခဲ့ပြီး ၎င်းတို့အနက် ၃၈ ဦးကို အမေရိကန်အာဏာပိုင်များက ပြန်လွှတ်ပေးခဲ့သည်ဟု ရှာပါအိုက ဆက်လက်ပြောကြားသည်။

ကျန်ရှိနေသည့် အကျဉ်းသားများ အမြန်ဆုံးလွှတ်မြောက်နိုင်ရေးအတွက် ပါကစ္စတန်အစိုးရက ကြိုးပမ်းနေသည်ဟု ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

## တောင်အမေရိကနှင့် အာရပ်ကုန်သွယ်ရေး ၂၀၀၅ခုနှစ်တွင် ၃၅ရာခိုင်နှုန်းမြင့်တက်

**ရီယိုဒီဂျနေးရိုး မေ ၂၀**

တောင်အမေရိကနိုင်ငံများနှင့်အာရပ်နိုင်ငံတို့၏ကုန်သွယ်ရေးသည် ၂၀၀၅ ခုနှစ် တစ်နှစ်ပတ်လုံး၌ ၃၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အာရပ်-ဘရာဇီး ကုန်သည်ကြီးများအသင်းက လေ့လာတွေ့ရှိချက်ကို မေ ၁၈ရက်တွင် ထုတ်ပြန်သည်။

ဘရာဇီးနိုင်ငံတွင် ယမန်နှစ် မေလတွင် တောင်အမေရိက-အာရပ် ထိပ်သီးဆွေးနွေးပွဲ ကျင်းပပြုလုပ်သည်။ ထိုနှစ်ကုန်သွယ်ရေးလုပ်ငန်းသည် ယမန်နှစ်ကထက် ၃၅ ရာခိုင်နှုန်း တိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၁၁ဒသမ ၂ ဘီလီယံ ရရှိကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

အဆိုပါကုန်သွယ်ရေးလုပ်ငန်း ဝင်ငွေစုစုပေါင်းအနက်မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံသည် တောင်အမေရိကဒေသ တင်ပို့ကုန်များမှ ရရှိခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ဟီနန်ပြည်နယ်၌ တောမီးလောင် သစ်တောမြေ ၃၃ဒသမ ၃ဟက်တာပျက်စီး

**ဟိုင်ကူး မေ ၂၀**

**တရုတ်နိုင်ငံ ဟီနန်ပြည်နယ်၌ မေ ၁၈ ရက် နံနက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ ဟိုင်ကူး-ဆန်ယာ အဝေးပြေးလမ်းအနောက်ဘက်ရှိ သစ်တောမြေ ၃၃ ဒသမ ၃ ဟက်တာနီးပါး ပျက်စီးသွားသည်။**

ဟိုင်ကူးမြို့ တောင်ဘက် ၁၀၉ ကီလိုမီတာရှိဝင်နန်မြို့နယ် ဒန်ဇီရွာ၏ သစ်တောတွင် စတင်လောင်ကျွမ်းခဲ့သည်။

မီးတောက်၏ အမြင့်သည် ခုနစ်မီတာမှ ရှစ်မီတာအထိ မြင့်တက်နေသည်ကို အဝေးမှပင် လှမ်းမြင်ရသည်။ အဝေးပြေးလမ်းမှ ၁၀ မီတာခန့်အကွာအထိ မီးများလောင်ကျွမ်း ပျံ့နှံ့ခဲ့သည်။

**ပျက်စီးသွား**

မီးလောင်မှုကြောင့် သစ်တာမြေ ၃၃ ဒသမ ၃ ဟက်တာ ခန့် ပျက်စီးသွားကြောင်း၊ မီးမှာ လောင်ကျွမ်းပျံ့နှံ့နေပြီး ငြိမ်းသတ်၍ မရနိုင်အောင်ဖြစ်ခဲ့ကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ဒေသခံရွာသားများ၊ အစိုးရ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ကြသည်။ မီးလောင်မှုဖြစ်ရခြင်းမှာ တောထဲတွင် သစ်ခုတ်ယူနေသူ အချို့ကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း ဒေသခံရွာသားတစ်ဦးက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကက်ရှ်မီးယားဈေး၌ လက်ပစ်ဗုံးဖောက်ခွဲ

**ဆရီနဂါး(အိန္ဒိယ) မေ ၂၀**

စစ်သွေးကြွဟု ယူဆရသူတစ်ဦးက ကက်ရှ်မီးယားဒေသဈေးအတွင်း လက်ပစ်ဗုံး တစ်လုံးကို ပစ်သွင်းဖောက်ခွဲခဲ့သည့်အတွက် လူ ၁၈ ဦး ဒဏ်ရာရရှိသွားကြောင်း အိန္ဒိယရဲတပ်ဖွဲ့မှ လာသောသတင်းကဆိုသည်။

ယခုတိုက်ခိုက်မှုသည် ၂၄ နာရီအတွင်း ဒုတိယအကြိမ် တိုက်ခိုက်မှုဖြစ်သည်။ ယင်းလက်ပစ်ဗုံးသည် လုံခြုံရေးတပ်ဖွဲ့ယာဉ်ကို ရည်ရွယ်၍ ပစ်ခတ်ခဲ့သော်လည်း ပစ်မှတ်လွဲချော်သွားပြီး ဈေးအတွင်းကျရောက် ပေါက်ကွဲခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***




**ဂျာမနီနိုင်ငံ ဘာလင်မြို့၌ မေ ၂၀ရက်က ကျင်းပသော နိုင်ငံတကာလေကြောင်းပြပွဲတွင် ဥရောပလေကြောင်း အာကာသကုမ္ပဏီများ ပူးတွဲထုတ်လုပ်သော တိုက်လေယာဉ်တစ်စင်း သရုပ်ပြ ပျံသန်းစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

ရှေ့ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ





**✻ ဝန်ကြီးဦးအောင်သောင်းမှ**

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံတာဝန်ရှိသူများနှင့်တွေ့ဆုံရာ စက်ရုံမှူး ဦးခင်မောင်က ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဖြန့်ဖြူးမှုလုပ်ငန်းများကိုလည်းကောင်း၊ ကုန်ကြမ်းစုဆောင်းထားရှိမှုနှင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

**လေးစားလိုက်နာဆောင်ရွက်**

ဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ခြိုးခြံချွေတာရေးမူများကို ချမှတ်ခဲ့ပြီးဖြစ်ရာ စက်ရုံအလုပ်ရုံများနှင့် လုပ်ငန်းဌာနများသည် မလိုအပ်သော အသုံးစရိတ်များကို မသုံးစွဲကြရန်၊ ဝန်ကြီးဌာနမှ ချမှတ်ထားသောအမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာဆောင်ရွက်ကြရန်နှင့် မိမိလုပ်ငန်းနှင့် ဌာနအပေါ် သစ္စာရှိကြရန် ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် မေ ၂၀ ရက်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် တာဝန်ရှိသူများနှင့်အတူ မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အဏုဇီဝ စိမ်းပြာရေညှိဆေးဝါးလုပ်ငန်း (တွင်းတောင်စခန်း)သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

ရေးဦးစွာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက အဏုဇီဝစိမ်းပြာရေညှိ ဆေးဝါးလုပ်ငန်းစက်ရုံ၏ ထုတ်လုပ်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ရုံမှူး ဒေါက်တာမင်းသိန်းက တွင်းတောင်၏ လက်ရှိအခြေအနေများ၊ စိမ်းပြာရေညှိခြောက်ထုတ်လုပ်နိုင်မှု၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၁၄၅ တန်ထုတ်လုပ်ရန်လျာထားမှု၊ ဆပွားကန်များ တိုးချဲ့တည်ဆောက်သွားမည့် အစီအစဉ်များ၊ တွင်းတောင်စခန်းမှ ပြည်ပပို့ စိမ်းပြာရေညှိများကို အဓိကထုတ်လုပ်လျက်ရှိရာ တစ်လလျှင် တန် ၃၀ ထုတ်လုပ်ရန် စီမံချက်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တွင်းတောင်ဝန်းကျင်နှင့် ဆက်နွယ်ဆက်စပ်နေသော တွင်းပိုးထုတ်ယူမှု၊ ရေညှိသယ်ယူမှု


**ပညာရေးဝန်ကြီးဌာန**

**ကျောင်းအပ်နှံရေးသီတင်းပတ်**

**မေလ ၂၅ရက်မှ ၃၁ရက်အထိ**

**ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး**

**ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး**


**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အဏုဇီဝ စိမ်းပြာရေညှိ ဆေးဝါးလုပ်ငန်းစက်ရုံ (တွင်းတောင်စခန်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။** (စက်မှု-၁)

လုပ်ငန်းများ ဆောင်ရွက်ရာတွင် GMP စံချိန်စံညွှန်းနှင့်အညီ စည်းကမ်းတကျ ကြပ်မတ်ဆောင်ရွက်သွားရေး၊ ဆပွားကန်များ တိုးချဲ့တည်ဆောက်သွားရေး၊ ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရန် ယခုကပင် ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးတို့သည် လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မုံရွာမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ဆေးဆိုးပန်းရိုက်စက်ရုံ(မုံရွာ)သို့ ရောက်ရှိပြီး စက်ရုံထုတ်ဒီဇိုင်းထည်များ၊ စက်များကြံ့ခိုင်ရေး ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိကာ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးသည်။

ထို့နောက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်း၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာစက်မှုဇုန်ချင်းတွင်းရတနာခန်းမသို့ ရောက်ရှိပြီး စက်မှုဇုန် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရေးဦးစွာ မုံရွာစက်မှုဇုန် သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံမှူး ဦးမောင်မောင်က ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ စစ်ကိုင်းတိုင်း စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းတို့က ဖြည့်စွက်တင်ပြကြသည်။

**အထောက်အကူပြုနိုင်ရေး**

ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးအားပေးလျက်ရှိကြောင်း၊ အထူးသဖြင့် အေးသာယာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်များကို အဆင့်မြင့် စက်မှုဇုန်များအဖြစ် ရွေးချယ်သတ်မှတ်ပြီး ဒေသအလိုက် စက်မှုလုပ်ငန်းများ အထောက်အကူပြုနိုင်ရေးအတွက် ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်၏ ကျေးဇူးသစ္စာကို လေးစားလိုက်နာသောအားဖြင့် နိုင်ငံအကျိုးအတွက် စေတနာထားဆောင်ရွက်ကြရန်နှင့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများမှ လိုအပ်သော စက်အရန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်သွားကြရန်နှင့် အစုရှယ်ယာရှင်များ တိုးပွားလာရန် စည်းရုံးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်း၊ ဒုတိယတိုင်းမှူးနှင့် ကြီးကြပ်ရေး အဖွဲ့ဝင်များသည် Machine Shop သို့ ရောက်ရှိကာ စက်အရန်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ အစိုးရဌာနများနှင့် ကုမ္ပဏီများမှ အမှာစာအရ ထုတ်လုပ်ထားသော စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မော်တော်ယာဉ် စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး၊ ဒုတိယတိုင်းမှူးတို့သည် Forging Shop သို့ ရောက်ရှိပြီး Trmming Press Machine များကိုလည်းကောင်း၊ Mini-Tractor နှင့် စက်အစိတ်အပိုင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် Foundry Shop ရှိ သံရည်ကျိုခြင်းလုပ်ငန်းများ၊ ထုတ်လုပ်ပြီး စက်အရန်ပစ္စည်းများ၊ သဲမိုလောင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် ဦးဒေါင်း CDS ကားထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် မီးသတ်ယာဉ်၏ ရေပက်ဖျန်းမှု သရုပ်ပြခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

● **တောင်ကိုရီးယားမှ**

ကမ္ဘာပေါ်ရှိ သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီများအနက် အကြီးဆုံးကုမ္ပဏီ သုံးခု တည်ရှိရာ တောင်ကိုရီးယားနိုင်ငံ၏ သင်္ဘောတည်ဆောက်ရေး ကန်ထရိုက်လုပ်ငန်းရရှိမှုမှာ လွန်ခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၉ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံရှိ ဟွန်ဒိုင်း အကြီးစား စက်မှုလုပ်ငန်းကုမ္ပဏီ၊ ဒေဝူးသင်္ဘော တည်ဆောက်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီနှင့် အခြားသော သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီများသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ သင်္ဘောများကို တည်ဆောက်လျက်ရှိရာ လုပ်ငန်းအောင်မြင်မှုများ အရှိန်အဟုန် ရရှိနေသည်။

ဇြပီ ၁ ရက်မှစတင်၍ ပြဋ္ဌာန်းလိုက်သော နိုင်ငံတကာသင်္ဘောတည်ဆောက်ရေး စံချိန်စံညွှန်းများအရ သင်္ဘောရော များ တည်ဆောက်ရာတွင် သံမဏိ အသုံးပြုမှုကို လက်ရှိအသုံးပြုရန် သတ်မှတ်ထားသော စံနှုန်းထက် ၉ ရာခိုင်နှုန်း ပိုမိုသုံးစွဲရန် လိုအပ်သည်။

**အင်တာနက်။**

**ကျောက်မြောင်း စိတ္တသုခလမ်း သီတဂူရေအလှူတရားပွဲ**

**ရန်ကုန် မေ ၂၁**

တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ် (စံပြ)ရပ်ကွက် စိတ္တသုခလမ်း မိသားစု၏ သီတဂူရေအလှူတော် အထူးတရားပွဲကို စိတ္တသုခလမ်း အင်္ဂါပတ်ဆွမ်းလောင်းအသင်းက ကြီးမှူး၍ မေ ၂၅ ရက် ည၇နာရီတွင် သီတဂူဒေါက်တာအရှင်ဉာဏိဿရက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားတော်နာကြွရောက်ကြရန် ဖိတ်ကြားထားသည်ဟု သိရသည်။ (၂၃)

▲ **ဘိုင်အိုနစ်မှ**

ပင်လယ်ရေအောက် ထောက်လှမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အသုံးဝင်မည်ဖြစ်ကြောင်း စင်ကာပူသုတေသီများက ပြောကြားသည်။

စင်ကာပူနိုင်ငံရှိ နန်းယန်နည်းပညာတက္ကသိုလ်မှ သုတေသီများပါဝင်သော အဖွဲ့တစ်ဖွဲ့က သဘာဝကိုတုပကာ တည်ဆောက်ထားသော စက်ရုပ်ငါးကို စမ်းသပ်ကြည့်ရာတွင် အောင်မြင်မှုရရှိသည်ဆိုသည်။

ဘိုင်အိုနစ်နည်းပညာ(Bionics)ဟူသည် ဇီဝဆိုင်ရာ ဖန်တီးမှု အင်ဂျင်နီယာ ပညာရပ်ဖြစ်သည်။ သဘာဝလောကအတွင်း တွေ့ရှိရသည့် နည်းစနစ်များကို အင်ဂျင်နီယာ နည်းစနစ်များအဖြစ်သို့ ဖန်တီးအသုံးပြုခြင်းဖြစ်သည်။

ဘိုင်အိုနစ်ဟူသော ဝေါဟာရသည် ဇီဝစက်မှုယန္တရားနည်းပညာ (biomechanics) ဟူသော ဝေါဟာရကိုအတိုကောက်ပြုထားခြင်းဖြစ်သည်။

လူတို့သည် ရေသတ္တဝါတို့၏ ဇီဝယန္တရားလုပ်ဆောင်ချက်များကို တုပကာ အင်ဂျင်နီယာနည်းစနစ်သစ်များကို ဖော်ထုတ်ခဲ့ကြသည်။ သဘာဝကိုတုပ၍ ဆိုနာကိရိယာကိုလည်းကောင်း၊ ရေဒါကိရိယာကိုလည်းကောင်း တီထွင်နိုင်ခဲ့ကြပြီးဖြစ်သည်။ လင်းနို့ငှက်များ ပဲ့တင်သံကို အသုံးချ၍ ပျံသန်းသွားလာသည်ကို တုပလျက် အာလ်ထရာဆောင်း ပုံရိပ်ဖော်စက်ကို တီထွင်ကာ ရောဂါရှာဖွေရေးလုပ်ငန်းတွင် အသုံးပြုလာနိုင်သည်။ ကွန်ပျူတာသိပ္ပံနယ်ပယ်တွင်လည်း ဘိုင်အိုနစ်နည်းပညာအရ နည်းစနစ်သစ်များကို ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။

ငါးသတ္တဝါသည် ရေကူးခတ်နိုင်သော သက်ရှိများအနက် တရွေ့ရွေ့ပြောင်းလဲမှုဖြစ်စဉ်အရ အသားကျပြီးဖြစ်သော သတ္တဝါတစ်မျိုးဖြစ်ကြောင်း၊ စက်ရုပ်ငါးကို တီထွင်နိုင်ခြင်းဖြင့် ဇီဝအင်ဂျင်နီယာအတတ်ပညာများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း စင်ကာပူသိပ္ပံပညာရှင်များက ပြောကြားသည်။

စင်ကာပူသိပ္ပံပညာရှင်များ တီထွင်ထားသော စက်ရုပ်ငါးတွင် လှိုင်းကဲ့သို့ နိမ့်တုံမြင့်တုံရှိသော ဆူးတောင်များပါရှိသည်။ ယင်းဆူးတောင်များဖြင့် စက်ရုပ်ငါး ကူးခတ်နိုင်ခြင်းဖြစ်သည်။

စက်ရုပ်ငါးသည် ရေကူးခတ်ရာတွင် ပန်ကာအသုံးပြုသည့် ရေယာဉ်နှင့် တူညီခြင်းမရှိပေ။ စင်ကာပူသိပ္ပံပညာရှင်များသည် အဆိုပါစက်ရုပ်ငါးကို ပိုမိုကောင်းသည်ထက် ကောင်းမွန်စေရန် ဆက်လက်တီထွင်ဖော်ထုတ်သွားမည်ဖြစ်သည်။ စက်ရုပ်ငါးသည် ရေအောက်တွင်သွားလာနိုင်သောယာဉ်များကို တီထွင်ဖော်ထုတ်လာနိုင်ရန် ရည်ရွယ်သည်။ ပင်လယ်ပြင်အတွင်း ရန်သူကို ထောက်လှမ်းစောင့်ကြည့်ခြင်း၊ ရေမြှုပ်မိုင်းဗုံးရှင်းလင်းခြင်း၊ ပင်လယ်ရေအောက်ကြမ်းပြင်မြေပုံရေးဆွဲခြင်းနှင့် ဇီဝသုတေသနလုပ်ငန်းများပြုလုပ်ခြင်းတို့တွင် ရေအောက်၌သွားလာနိုင်သည့် ယာဉ်များကို အသုံးပြုလာနိုင်မည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ကြသည်။

**အင်တာနက်။**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အထောက်အကူပြု မြိုင်ဟေဝန် သဘာဝဆင်စခန်းကို လေ့လာခြင်း

သတင်းဆောင်းပါး - ဌေးအောင်(ကြေးမုံ)
ဓာတ်ပုံ - Asia Green

ရန်ကုန် မေ ၂၁

**ကမ္ဘာ့လူသားများ ရေရှည်အကျိုးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထား ဖော်ဆောင်လျက်ရှိနေချိန်တွင် မြန်မာနိုင်ငံ၌လည်း သဘာဝသစ်တောများ ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးတက်ဆောင်ရွက်လျက်ရှိသည်။**



မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်ကို ၁၉၉၀ ပြည့်နှစ်တွင် ဖွဲ့စည်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်း၍ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ သဘာဝတောတောင်များ မပျက်စီးရေး၊ ရေဝေရေလဲသစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိသည်။

Ecotourism ခေါ် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုကို ထိန်းသိမ်းကာကွယ်နိုင်သည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများကိုလည်း ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ရာ သဘာဝ



မြိုင်ဟေဝန် သဘာဝဆင်စခန်း၌ မွေးဖွားလာသော ဆင်ငယ်လေးတစ်ကောင်ကို မိခင် ဆင်မကြီးနှင့်အတူ တွေ့ရစဉ်။

တရားနှင့် လူသားတို့အကြား နှစ်ဖက်အကျိုးကျေးဇူးများသော လုပ်ငန်းတစ်ရပ်ပင်ဖြစ်သည်။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတစ်ခုဖြစ်သော Asia Green Travels and Tour Co., Ltd. ၏ မြိုင်ဟေဝန် သဘာဝဆင်စခန်းနှင့် စပ်လျဉ်း၍ စခန်းတာဝန်ခံမန်နေဂျာ ဒေါက်တာစိုးမြင့်အား ကြေးမုံက တွေ့ဆုံမေးမြန်းခဲ့သည်။

ဒေါက်တာစိုးမြင့်က ရှင်းလင်းပြောကြားရာတွင် သဘာဝအခြေခံခရီးသွား လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၎င်းတို့ကုမ္ပဏီသည် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ ပဲခူးတိုင်း(အနောက်) သာယာဝတီ သစ်ထုတ်လုပ်ရေးဒေသ ဥက္ကံကြိုးဝိုင်းအတွင်းတည်ရှိသည့် စခန်းဧရိယာဧက ၂၀ကျယ်ဝန်းသော မြိုင်ဝေဟန် ဆင်သုတေသနစခန်းကို ၂၀၀၅ခုနှစ် ဧပြီ ၁ရက်တွင် နှစ်ရှည် ငှားရမ်း၍ အကျိုးတူပူးပေါင်းစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ဤစခန်းသည် ရန်ကုန် မြို့မှ ၇၂ ဒသမ ၅မိုင်ကွာဝေး၍ နေ့ချင်းပြန်သွားရောက်နိုင်ကြောင်း၊ ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများအတွက် ညအိပ် တည်းခိုလိုပါကလည်း တည်းခိုဆောင်အဖြစ် နှစ်ယောက်အိပ်ဆောင် ငါးဆောင်ရှိကာ ထပ်မံ၍လည်း နှစ်ယောက်ခန်း နှစ်ခန်းတွဲ ငါးဆောင်တို့ကိုလည်း တိုးချဲ့ ဆောက်လုပ်သွားမှာဖြစ်ကြောင်း၊ ယခုစခန်းတွင် ရေပူရေအေးရအောင် စီမံဆောင်ရွက်ထား၍ ဧည့်သည်များလာရောက်သောအခါ အစားအသောက်များကို တရုတ်၊ မြန်မာဟင်းလျာများ စသည်ဖြင့် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ညပိုင်းတွင်လည်း နိုင်ငံခြားသားများ လာရောက်သည့်အခါတွင် ကရင်တိုင်းရင်းသား ရိုးရာအက ဒုံးယိမ်းဖြင့် ဖျော်ဖြေပေးကြောင်း ရှင်းပြသည်။

ပြည်တွင်းပြည်ပခရီးသည်များ မြိုင်ဟေဝန် သဘာဝဆင်စခန်းသို့ ရောက်ရှိလာပါက လေ့လာစရာများအဖြစ် ဆင်အကြီး၊ အလတ်၊ အငယ် စုစုပေါင်း ဆင် ၁၃ကောင်ရှိ၍ ဧည့်သည်များအနေဖြင့် ဆင်စီးခြင်း၊ ဆင်ရေချုခြင်း၊ ဆင်များ၏ လိမ္မာပါးနပ်မှုဖြင့် သရုပ်ပြသမှုကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ ဆင်စီး၍ စခန်းပတ်ဝန်းကျင် သစ်ထုတ်လုပ်ရေး လုပ်ငန်းများကို လေ့လာနိုင်သလို တောတွင်း ခရီးတို၊ ခရီးကြမ်း၊ ခြေကျင်သွားနိုင်ခြင်း၊ တောင်တက်လေ့ကျင့်ခြင်း၊ မိုးရာသီ တစ်လျှောက်တွင် ပေါင်းလင်းဆည်နှင့် ငမိုးရိပ်ဆည်တို့ကို ဆက်သွယ်ထားသော ချောင်းတစ်လျှောက်တွင် ဝါးဖောင်စီးခြင်းနှင့် ဆင်ဝန်ထမ်းလုပ်သားများ၏ ဘဝကိုလည်း သဘာဝအတိုင်း လေ့လာနိုင်ကြောင်း၊ ငှက်ကြည့် ဝါသနာပါသူများကလည်း ဤစခန်းတွင် ငှက်အမျိုးပေါင်း ၁၀၀ ကျော်ကို လေ့လာနိုင်ကြောင်း၊ ထို့အပြင် စခန်း၏မြောက်ဘက်တွင် နှစ်ပေါင်း ၆၀ကျော် သက်တမ်းရှိသည့် ပျဉ်းကတိုးစိုက်ခင်းများကို လေ့လာနိုင်သကဲ့သို့ ပဲခူးရိုးမအတွင်းနှင့် ပတ်ဝန်းကျင် ကျေးရွာများကို လေ့လာနိုင်ကြောင်းရှင်းပြသည်။

ထို့နောက် ဤမြိုင်ဟေဝန် သဘာဝဆင်စခန်းတွင် ဆင်များနှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဆေးဝါးအပြည့်အစုံနှင့် ဆေးပေးခန်း ထားရှိကြောင်း၊ ဆင်များကြမ်းတမ်းမှု ဖြစ်ပေါ်လာပါကလည်း ထိန်းသိမ်းနိုင်အောင် ညှပ်ကျုံးတစ်ခု စီစဉ်ထား၍ အာဟာရချို့တဲ့သော ဆင်များကို အာဟာရ ဖြည့်စွက်ကျွေးမွေးပုံများကို စနစ်တကျ ရှင်းလင်းပြသမှာဖြစ်သလို ဝန်တင်ဆင်၊ အလုပ်ဆင်များ၏ ပစ္စည်းကိရိယာ တန်ဆာပလာ တပ်ဆင်ပုံတို့ကိုလည်း ပြသရန် စီစဉ်ထားကြောင်းတို့ကို ရှင်းပြသည်။

မြိုင်ဟေဝန် သဘာဝဆင်စခန်း၌ အနားယူလေ့လာရန်ရောက်ရှိလာသော ကမ္ဘာ့လှည့် ခရီးသည်များ ဆင်စီးနေကြစဉ်။

မြိုင်ဟေဝန် သဘာဝဆင်စခန်းသည် ပဲခူးရိုးမအနောက်ဘက် တောင်စွယ်ခြေရင်းတွင် တည်ရှိ၍ စခန်းပတ်ဝန်းကျင်၌ အပူပိုင်းရွက်ပြတ်တော အပင်အမျိုးအစားပေါက်ရောက်လျက်ရှိသည်။သစ်တောအတွင်း အဖိုးတန်သစ်ပင်များ ဖြစ်ကြသည့် ကျွန်း၊ ပျဉ်းကတိုး၊ သစ်မာ၊ အင်ကြင်းများအပြင် ကြသောင်း၊ မျှင်ဝါး၊ တင်းဝါးစသည့် ဝါးမျိုးစုံ ပေါက်ရောက်လျက်ရှိသည်။

သစ်တောများ ပြုန်းတီးမှုမရှိအောင် ထိန်းသိမ်းလျက်ရှိရာတွင် သစ်တောတစ်ခုတွင် ရှိသင့်ရှိထိုက်သော ပတ်ဝန်းကျင်၊ သစ်ပင်များနှင့် သားငှက်တိရစ္ဆာန်သုံးဦးသုံးဖလှယ် ဆက်နွှယ်မှုတို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းသွားကြရန် ကုမ္ပဏီဝန်ထမ်းများအပါအဝင် ဆင်ဝန်ထမ်းများနှင့် နီးစပ်ရာ ကျေးရွာနေပြည်သူများကိုလည်း အသိပညာပေးပြောကြားလျက်ရှိကြောင်း ဒေါက်တာစိုးမြင့်က ပြောကြားသည်။

(ကြေးမုံ)



မြိုင်ဟေဝန် သဘာဝ ဆင်စခန်းတွင် ဆင်ထိန်းများက ဆင်များကို ရေချိုးပေးစဉ်။



အင်းလေးကန်အတွင်း တည်ဆောက်ထားသည့် ရွှေကျွန်းမျော ဟိုတယ်၏အလှ။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

# ကမ္ဘာလှည့်ခရီးသည်များစိတ်ဝင်စားသည့် ကုန်းတွင်းရေအိုင်ကြီး(သို့မဟုတ်)အင်းလေးကန်

**ရန်ကုန် မေ ၂၁**

**သတင်းမှတ်စု-ညီညီစိုးညွန့်**
**ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)**

မြန်မာနိုင်ငံသည် ရေပေါ်၊ ရေအောက်၊ မြေပေါ်၊ မြေအောက် သဘာဝသယံဇာတများ၊ သဘာဝအလှအပရှုခင်းများနှင့် ထူးဆန်းအံ့ဖွယ်များ ပေါကြွယ်ဝလှသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင်တည်ရှိသော အင်းလေးကန်သည် တောင်ပေါ်မှရေကန်အဖြစ် ကမ္ဘာလှည့်ခရီးသည်များအကြား စိတ်ဝင်တစား လေ့လာလည်ပတ်စရာ နေရာတစ်နေရာဖြစ်နေသည်။

အင်းလေးကန်သည် မြန်မာနိုင်ငံအတွင်းရှိ ကုန်းတွင်းရေအိုင်ကြီးများ အနက် အကြီးဆုံးရေအိုင်ကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထူးခြားသည့်အင်းသားရိုးရာ ဓလေ့များ၊ ရေလယ်ရွာကြီးများနှင့် ကျွန်းမျော စိုက်ခင်းများနှင့် တန်ခိုးကြီးဘုရားများကြောင့် မြန်မာနိုင်ငံနှင့် ကမ္ဘာအနှံ့အပြားမှ ခရီးသည်များ လာရောက်လေ့လာအပန်းဖြေရသော သဘာဝရေကန်ကြီး တစ်ခုဖြစ်ပေသည်။

**ကမ္ဘာလှည့်ခရီးသည်များအားဆွဲဆောင်နေသည့် အင်းလေးကန်၏အလှ။** ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)



တောင်စွယ်၊တောင်တန်းများဝန်းရံထားပြီး သဘာဝအလှအပတရားများနှင့် ပြည့်စုံနေသည့် အင်းလေးကန်ကြီးကို ကမ္ဘာလှည့်ခရီးသည်များသည် နွေ၊မိုး၊ဆောင်းသုံးရာသီစလုံး လာရောက်လေ့လာကြသည်ကိုတွေ့ရှိရသည်။

အင်းလေးကန်အတွင်းရှိ တန်ခိုးကြီး ဖောင်တော်ဦးဘုရားပွဲတော်ကို သီတင်းကျွတ်လတွင် ကျင်းပမြဲဖြစ်ရာ အင်းလေးဒေသသာမက နိုင်ငံအနှံ့ အပြားမှ ဘုရားဖူးပြည်သူများ၊ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြရာ အထူးစည်ကားလှသည်။

အင်းလေးကန်အတွင်း နေထိုင်သူများသည် ရေလုပ်ငန်း၊ လက်မှုပညာ လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ကမ္ဘာလှည့်ခရီးသည်များသည် အင်းသား၊ အင်းသူတို့၏ ခြေထောက်ဖြင့် လှေကိုလှော်၍ ငါး၊ပုစွန်ရှာဖွေနေကြပုံကို စိတ်ဝင်တစား လေ့လာမှတ်တမ်း



**အင်းလေးကန်အတွင်းအသက်မွေးဝမ်းကျောင်းပြုနေသည့်အင်းသား တစ်ဦး၏တစ်နေ့တာငါးဖမ်းမြင်ကွင်း။** ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

တင်ကြသကဲ့သို့ အင်းလေးရိုးရာအဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများ ကိုလည်း ဝယ်ယူကြပြီး အမှတ်တရဝတ်ဆင်ကြသည်ကို တွေ့ရသည်။ ထို့ပြင် အဆင့်မီဟိုတယ်များကို ဆန်းဆန်းပြားပြား တည်ဆောက်ဖွင့်လှစ်ထားရာ နိုင်ငံခြားခရီးသည်များ လာရောက်လေ့လာရန် ပိုမိုလွယ်ကူစေပေသည်။

ထူးဆန်းအံ့ဖွယ်များ၊ သဘာဝအလှအပတရားများနှင့် လေ့လာ၍ မကုန်နိုင်အောင်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များအတွက် စိတ်ဝင်စားဖွယ် နိုင်ငံတစ်နိုင်ငံဖြစ်ပေရာ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုမှာလည်း နှစ်စဉ်တိုးတက်နေပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ✧ NLD ပါတီမှ

မရှုဆိတ်နိုင်ဘဲ ထိတ်လန့်တုန်လှုပ်မှုဖြစ်အောင် အမျိုးမျိုးသွေးထိုးလှုံ့ဆော် ကြံစည်နေသည်ကို သိရှိနေရကြောင်း၊ ၎င်းတို့နယ်မြေတွင် နိုင်ငံတော်နှင့် ဒေသခံပြည်သူလူထုတို့ ပူးပေါင်းပြီး အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်နေမှုအပေါ် အပြည့်အဝယုံကြည်မှုနှင့် အားထားမှုများဖြစ်ပေါ်လာပြီး လက်နက်နှင့် ငြိမ်းချမ်းရေးကို လဲလှယ်ခဲ့သော အထူးဒေသ(၇) မန်တုံဒေသ ပလောင်ငြိမ်းချမ်းရေးအဖွဲ့ (PSLA)နှင့် အထူးဒေသ(၃) ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တို့အား သာဓကအဖြစ် တွေ့မြင်နိုင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းသာယာပြီး နယ်မြေလူထုအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ရရှိခံစားနေရသည်ကို တွေ့မြင်ရပါကြောင်း။

ထို့ကြောင့် ၎င်းတို့အနေဖြင့် အချိန်ကုန်ခံပြီး ရည်ရွယ်ချက်ပျောက်ဆုံးနေသော NLD အလုပ်အမှုဆောင်ဘဝအဖြစ် ပြည်သူများ၏ဆန္ဒနှင့်ဆန့်ကျင်ကာ ငါတကောကော၍မနေလိုတော့ဘဲ နယ်မြေလူထု အသိပညာ၊ အတတ်ပညာမှအစ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအဆုံး ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် ဆောင်ရွက်ပေးနေသည့် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည့်အတွက် ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ အပြီးအပိုင် နုတ်ထွက်ပါကြောင်းနှင့် နမ္မတူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖျက်သိမ်းခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ နမ္မတူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၀ဦးဖြင့် ဖွဲ့စည်းထားခဲ့ရာ ဥက္ကဋ္ဌ ဦးမြအောင်အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်ကိုးဦးတို့သည် ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒအလျောက် စုပေါင်းလက်မှတ်ရေးထိုး၍ NLD ပါတီမှ အပြီးအပိုင် နုတ်ထွက်သွားခဲ့ကြပြီး ကျန်ရှိသည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမင်းမင်းမျိုးနိုင်မှာ အခြားဒေသသို့ ပြောင်းရွှေ့သွားသည်။

(သတင်းစဉ်)

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်မှု**
**ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ ။**

**၂၀၀၆-ခုနှစ်၊ မေလ (၁၇ )ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ**
**ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၄၁၇၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

✺ **ကျောဖုံးမှ**

ထစ်ချုန်းကိုနုံးချည့်စေသည်။ ထစ်ချုန်းက လက်သီးနှင့်ဒူးတွဲသုံးရန် ကြိုးစားသော်လည်း ကျည်ဆန်က လျင်မြန်စွာလှုပ်ရှားပြီး ပင့်လက်သီးများသုံးသည်။ ပထမအချီ၌ပင် အမြင်အရ ကျည်ဆန်က အမှတ်သာသော အနေအထားရှိသည်။ ဒုတိယအချီ၌ ကျည်ဆန်၏ မြန်ဆန်အားပါသော သတ်လုံးသတ်ကွက်များကြောင့် ထစ်ချုန်းနောက်ဆုတ် ရှောင်ရင်းက ကြိုးတန်းနားကျောကပ်မိချိန်တွင် ညာဖြတ်လက်သီးမေးရိုးထိကာ လဲကျသွားခဲ့သည်။ ဒုတိယအချီ ၂မိနစ် ၅၂စက္ကန့်၌ပင် ရွှေကျည်ဆန်က ဖလိုင်းဝိတ်တန်းရွှေခါးပတ်ချန်ပီယံဘွဲ့ခံယူနိုင်ခဲ့သည်။

## ဘင်တန်ဝိတ်တန်း

ပွဲစဉ်(၃၅) ၅၄ ကီလို ဘင်တန်ဝိတ်တန်း၌ ဒေါနအောင်(ကျွဲမင်း)နှင့်အသဲစွဲ(ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ကြသည်။ ခြေကန်ကောင်းသော ဒေါနအောင်အကြောင်း သိထားသူ အသဲစွဲက ကန်မရအောင် အတင်းဝင်ပူးကာ လုံးချုပ်ထားသဖြင့် ဒေါနအောင်မလှုပ်သာဘဲရှိနေသည်။ ပူးရာမှ ပြန်အထွက်တွင် အသဲစွဲ၏လက်သီးများက ဒေါနအောင်ကို ထိရှုမှုရှိနေသည်။ ဆိမီးတွင် မျက်ခုံးဒဏ်ရာရထားသော ဒေါနအောင်က ဒဏ်ရာဟောင်းကို သတိထားရင်းက ဘယ်ဖြတ် ဒူးတိုက်ဖို့ကြိုးစားသည်။ ဒုတိယအချီတွင် အသဲစွဲက ညာခုတ်လက်သီးကို အားပါပါထိုးရင်းက ခေါင်းဖြင့်ပါဝင်ဆောင့်သည်ကို ဒေါနအောင်က တံတောင်ရိုက်တားသည်။ ဆို့ခြေ၊ နင်းခြေများ ထုတ်သော ဒေါနအောင်ကြောင့် အသဲစွဲ ဝင်တိုင်းမရောက်ဘဲ နောက်လန်နေသည်။ တတိယအချီတွင် ဒေါနအောင်က သူ၏ နာမည်ကြီး ဒူးတိုက်ချက်များ တွင်တွင်သုံးတော့ရာ ၂မိနစ် ၂၇စက္ကန့်တွင် အသဲစွဲခွဲမခတ်နိုင်တော့ဘဲ လဲကျအရှုံးပေးရတော့သည်။

## ဖယ်သာဝိတ်တန်း

ပွဲစဉ်(၃၆) ၅၇ ကီလို ဖယ်သာဝိတ်တန်းတွင် မိုက်ခဲ(ကျွဲမင်း)နှင့် ဒေါနပန်း(ကျွဲမင်း)တို့ အလှခတ်နေကြပြီး သရုပ်ပြအသွင် ထိုးသတ်နေကြသည်။ တတိယအချီအပြီးတွင် မိုက်ခဲက ဆက်လက် မယှဉ်ပြိုင်တော့ဘဲ ဒေါနပန်းအား ရွှေခါးပတ်ချန်ပီယံဖြစ်စေသည်။

ပွဲစဉ်(၃၇) ၆၀ ကီလိုလိုက်ဝိတ်တန်းတွင် စောလူမင်း(တောင်ကလေး)နှင့် ဝင်းထွန်း(လယ်/ဆည်)တို့ ယှဉ်ပြိုင်ကြရာ ဝင်းထွန်း၏ ခြေကန်နှင့် လက်သီးအား ပညာသားပါပါတွဲစပ် တိုက်စစ်ဆင်မှုများကြောင့် စောလူမင်းက ခံစစ်လုံအောင်ကြိုးစားနေရသည်။ ဒုတိယအချီအစ၌ပင် ဝင်းထွန်း၏ လျင်မြန်သောဘယ်ထောက်ညာဖြောင့်လက်သီးနှင့် ရှင်းရှင်းလင်းလင်းထိကာ စောလူမင်းအမှတ်စဉ် ရေရသည်။ ပြန်ထသော်လည်း ၁ မိနစ် ၅၉ စက္ကန့်တွင် ဝင်းထွန်းက ဘယ်ပင့်ဒူး အရှိုက်ထဲတိုက်၍ ရွှေခါးပတ်ရသွားသည်။

## လိုက်ဝယ်လ်တာဝိတ်တန်း

ပွဲစဉ်(၃၈) ၆၃ ဒသမ ၅ ကီလို လိုက်ဝယ်လ်တာဝိတ်တန်းတွင် နဂါးလေး(မြွေဟောက်မင်း)နှင့် ကြယ်လင်းအောင်(တောင်ကလေး)တို့ တွေ့ကြရာ ကြယ်လင်းအောင်က ဘယ်ပတ်ခြေ ဆက်တိုက်ကန်ကာ နဂါးကို အမောက်လှဲဖို့ကြိုးစားသည်။ နဂါးလေးက ဘယ်ညာအတွဲ လက်သီးများဖြင့် နဂါးမာန်ပြသော်လည်း ကြယ်လင်းအောင်က လက်သီးအောက် လျှိုဝင်ကာ ချုပ်ပြီး ကိုင်ပေါက်သည်။ အောက်ခြေကိုဖြတ်သိမ်းသည်။ ဒူးတိုက်သည်။ ပထမအချီ၌ပင် နဂါးလေးအမှတ်စဉ် နှစ်ကြိမ် အရေခံရသည်။ ကြယ်လင်းအောင်၏ ပြင်းထန် အားပါသော ဘယ်ညာခြေဖြတ်သိမ်း ကန်ချက်များကြောင့် ဒုတိယအချီ ၂၁ စက္ကန့်မှာပင် နဂါးလေး ခြေမထောက်နိုင်ဘဲ ရှုံးသွားသည်။

## ဝယ်လ်တာဝိတ်တန်း

ပွဲစဉ်(၃၉) ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်အား ရန်ကြီးအောင်(အလင်းရောင်)နှင့် သူရရဲအောင်(မြန်မာပြည်သား)တို့ ကျားကုတ်ကျားခဲယှဉ်လုကြသည်။ ရန်ကြီးအောင်က အမြင့်ကန်ချက်များ ထုတ်သည်။ သူရရဲအောင်က ဆုတ်ရှောင်ရင်း ဘယ်ဖြောင့်လက်သီးပစ်သွင်းသည်။ ပတ်ခြေအပြိုင်ကန်ကြရာ ဗိုက်ထဲသို့ ပြိုင်တူထိကြသည်။ ရန်ကြီးအောင်၏ ခြေကန်ချက်ကို သူရရဲအောင်က အမိဖမ်းကာ တွန်းထိုးဖိလှဲသည်။ သူရရဲအောင်၏ အောက်ထောက်ရှင်း ကန်ချက်များကြောင့် ရန်ကြီးအောင် ပြုတ်ကျသွားသည်လည်းရှိသည်။ ရန်ကြီးအောင်၏ ဘယ်ခြေကန်ချက်ကို ဖမ်းကာ လှဲချရန်ကြိုးစားသော သူရရဲအောင်မှာ ရန်ကြီးအောင်၏ ညာလက်သီးဆင့်ထိုးချက်များ မျက်နှာကို ထိသည်လည်းရှိသည်။ သူရရဲအောင် အဝင်မှာ ရန်ကြီးအောင်၏ ညာဖြတ်ဒူးက ပူးမရအောင် တိုက်ထားနိုင်သည်။ သူတစ်ပြန် ကိုယ်တစ်လှည့် အမှတ်ဖွဲ့ယူကြရင်း ငါးချီပြည့်သွားကြသည်။ အမှတ်ပေးဒိုင်ငါးဦးအနက် သုံးဦး၏ ထောက်ခံချက်ဖြင့် ရွှေခါးပတ် ချန်ပီယံဘွဲ့ကို သူရရဲအောင်က ရယူသွားသည်။



**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ရွှေခါးပတ်အများဆုံးရရှိသည့် ဘီလပ်မြေစက်ရုံအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။**
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

## လိုက်မစ်ဒယ်လ်ဝိတ်တန်း

ပွဲစဉ်(၄၀) ၇၁ ကီလို လိုက်မစ်ဒယ်ဝိတ်တန်းတွင် ကျော်ငြိမ်း(ဘီလပ်မြေစက်ရုံ)နှင့် ဈာန်ထူး(တောင်ကလေး)တို့ ဗိုလ်လုပွဲနွှဲကြသည်။ ကျော်ငြိမ်းက ညာလက်သီးတစ်လုံးအားကုန်သုံး၍ ထိုးသည်။ ဈာန်ထူးက ဘယ်ထောက်လက်သီးဖြင့်တားရာ ကျော်ငြိမ်းညာမျက်ခုံးကွဲသွားသော်လည်း ဒဏ်ရာနည်းသဖြင့် ဆက်ထိုးခွင့်ရသည်။ ကျော်ငြိမ်းက ဘယ်ညာလက်သီးအားကုန်သုံး၍ ထိုးသော်လည်း လက်သီးတွေက လေထဲ၌ ပလူပျံနေသည်။ ဈာန်ထူးက နောက်ဆုတ်ရှောင်ရင်းမှပင် ကျော်ငြိမ်း၏ အားပါသော လက်သီးကြောင့် ခါထွက်သွားသည်။ တော်ရုံ ခံနိုင်ရည်မျှဖြင့် ဆိုလျှင် တစ်ယောက်ယောက် ကျသွားနိုင်လောက်သော လက်သီးများ ဖြစ်သော်လည်း နှစ်ယောက်စလုံးက မာကျောကြံ့ခိုင်လှသည်။ ဈာန်ထူးက ချုပ်ဒူးများထည့်သလို ကျော်ငြိမ်းကလည်း သဲ့ဒူးတွေထုတ်သည်။ တစ်ယောက်ကိုတစ်ယောက် အလဲမထိုးနိုင်ကြဘဲ ငါးချီပြည့်သွားရာ အမှတ်ပေးဒိုင်လေးဦးက ဈာန်ထူးအား အနိုင်ပေးထားသဖြင့် ရွှေခါးပတ်ချန်ပီယံ ဖြစ်သွားသည်။

## မစ်ဒယ်လ်ဝိတ်တန်း

ပွဲစဉ်(၄၁) ၇၅ ကီလိုမစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်အတွက် ဘီလပ်မြေစတား (ဘီလပ်မြေစက်ရုံ)နှင့် ဇာနည်ဆင်ရိုင်း(တောင်ကလေး)တို့ ယှဉ်ပြိုင်ကြသည်။ စတား၏ ကန်ချက်များက ဆင်ရိုင်းကိုထိကာ ပထမအချီ ၂ မိနစ် ၅၃ စက္ကန့်မှာပင် ဇာနည်ဆင်ရိုင်း ပြန်မထနိုင်ဘဲ ရှုံးသွားသည်။

## အလွတ်တန်း

ပွဲစဉ်(၄၂) အလွတ်တန်း ချန်ပီယံရွှေခါး ပတ်အတွက် လုံးချော(KLN)နှင့် ရွှေဝါထွန်း(နှစ်ရှည်ဥယျာဉ်)တို့ ယှဉ်ပြိုင်ကြသည်။ လုံးချောက ပွဲစလျှင် စချင်း ညာခြေဖြင့် ရွှေဝါထွန်းကို အောက်ထောက်ရှင်းရာ ရွှေဝါထွန်း ပြုတ်ကျသည်။ လုံးချော၏ အောက်သိမ်းကန်ချက်ကို တွက်ဆမိလာသော ရွှေဝါထွန်းက လုံးချော ညာခြေဖြတ်ကန်ချိန်၌ ၎င်းက ညာဖြောင့်လက်သီးလွှတ်သည်။ လုံးချောက လောနေပုံရပြီး ပထမအချီ၌ပင် အပြတ်ဖြတ်လိုဇောဖြင့်ဝင်ရာ ရွှေဝါထွန်း၏ သမ္မာလက်သီးများကြောင့် နောက်လန်ထွက်သွားသည်။ လုံးချော၏ညာဖြတ်ခြေ ဘယ်နံကြားကန်ချက်ကိုလည်း လက်ပိုက်ဖမ်းကာ ဆောင့်တွန်းပစ်သည်။ အချုပ်အပူးတွင် ရွှေဝါထွန်းက ဒူးဖြင့်ဆွဲတိုက်ရာ လုံးချော မနည်းရုန်းထွက်ရသည်။ ရွှေဝါထွန်း၏ ဘယ်ထောက်ညာဖြောင့် လက်သီးများက ခရီးရောက်လှသဖြင့် လုံးချော စိတ်ထင်တိုင်း ကြဲခွင့်မသာဘဲရှိနေသည်။ ပရိသတ်များ၏ ရွှေဝါထွန်းကိုရော လုံးချောကိုပါ အားပေးအော်ဟစ်သံများ ဆူညံလျက်ရှိသကဲ့သို့ဆုတော်ငွေများလည်း သောင်းနှင့်ချီကာ အလီလီ ဝင်ရောက်လာကြသည်။



**မြန်မာနိုင်ငံရိုးရာ အားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် အကောင်းဆုံးယှဉ်ပြိုင်သူ ဆုရ ရွှေဝါထွန်း(နှစ်ရှည်ဥယျာဉ်)အား ဆုချီးမြှင့်စဉ်။**
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

## သြဘာပေး

ရွှေဝါထွန်းကို အသက်ကြီးနေသောကြောင့် မထိုးနိုင်တော့ဟု ထင်ထားသော ပရိသတ်များမှာ သမ္မာရှိသော ရွှေဝါထွန်း၏တန်ပြန် တိုက်စစ်များကို သြဘာပေးကြသည်။ လုံးချောကိုယ်တိုင်ပင် ရွှေဝါထွန်း၏ သက်လုံနှင့် ပညာကို အံ့သြနေဟန်ရှိသည်။ လုံးချော၏ လက်သီးများ တိတိပပ ထိသော်လည်း လဲကျသွားသည့်တိုင် ယိမ်းယိုင်ခြင်းမရှိဘဲ ပြန်ထကာ ယှဉ်ပြိုင်နိုင်သောရွှေဝါထွန်းကြောင့် မြန်မာပြည် ချန်ပီယံဖော်ထုတ်ပွဲက ရသမြောက်လှသည်။ တတိယအချီတွင် လုံးချောက သူ၏နာမည်ကျော် ပစ်ဒူးများဖြင့် ခုန်၍ဝင်ဆောင့်သည်။ ရွှေဝါထွန်းက ကြိုးတန်းဘက်ကျောအလှည့်တွင် လုံးချောက တံတောင်ရိုက်သည်။ စတုတ္ထအချီအစတွင် လုံးချော၏ဘယ်ထောက်၊ညာဖြောင့် နှစ်လုံးမေးရိုးသို့ ရှင်းရှင်းလင်းလင်း ထိသွားရာ ရွှေဝါထွန်းပြုတ်ကျသွားသော်လည်း အမှတ်စဉ် (၈) ၌ ပြန်ထိုးနိုင်ခဲ့သည်။ လုံးချောကလူငယ်ပီပီ အားနှင့်အင်နှင့်ဝင်ကာ ဒူးပစ်ရာ ရွှေဝါထွန်းဆုတ်ရှောင်ရင်းလက်သီးကို ချက်ကျကျ စောင့်ထိုးသည်။ လုံးချော၏ ဘယ်ထောက်တစ်ချက် မျက်နှာတည့်တည့်ထိ၍ ရွှေဝါထွန်း ထိုင်ကျသွားသော်လည်း ချက်ချင်းပင် ပြန်ထနိုင်သည်။

ပဉ္စမအချီတွင် လုံးချောက မနားတမ်းဆင့်ဒူးများပစ်ရာ ရွှေဝါထွန်း ထောင့်ပိတ်ခံရပြီး ဝမ်းတူးလက်သီးများ ထိမှန်ခြင်းခံရသည်။ အားကုန်သုံးတိုက်သော လုံးချောကြောင့် ရွှေဝါထွန်း၏ လက်သီးများ အားပျော့လာသကဲ့သို့ လုံးချောလည်းမောဟိုက်လာသည်။

## ငါးချီအပြည့်

သို့ရာတွင် ငါးချီအပြည့် ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့ကြပြီး ပွဲအပြီးတွင် အမှတ်ပေး ဒိုင်လူကြီး ငါးဦးအနက် သုံးဦးက လုံးချောကို အနိုင်ပေးလိုက်ကြသဖြင့် လုံးချော မြန်မာပြည် ချန်ပီယံစစ်စစ် ဖြစ်သွားသည်။

ပွဲစဉ်တစ်လျှောက် အကောင်းဆုံး လက်ဝှေ့သမားဆုကို ၅၃ကီလိုလိုက်ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ရှင် ကြယ်လင်းအောင်(တောင်ကလေး)က

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍



**၂၀၀၆ ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာ ရွှေခါးပတ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ရိုးရာလက်ဝှေ့ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးစဉ်။** ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)



**ရွှေခါးပတ်ဆုအများဆုံးဆွတ်ခူးပြီး တံခွန်စိုက်ဆုဖလားဆွတ်ခူးရရှိသွားသည့် ဘီလပ်မြေစက်ရုံအသင်း။** ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

☆ **နိုင်ငံခြားရေးမှ**

အတွင်းဝန်နှင့် ဇနီးတို့နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် မစ္စတာမိုဟာမက်မိုဆင်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများလည်း လိုက်ပါလာကြသည်။ မေ ၁၉ ရက် မွန်းလွဲပိုင်းတွင် ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမောင်မောင်သန်းနှင့် သီးခြားတွေ့ဆုံဆွေးနွေးသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာဟီမာရက်အူဒင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဖေသန်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးမစ္စတာ မိုဟာမက် ခိုင်ရူဇာမန်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံအဆင့်မြင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။** (သတင်းစဉ်)

❍ **စာမျက်နှာ ၉ မှ**

ရရှိသွားပြီး အကောင်းဆုံးယှဉ်ပြိုင်သူလက်ဝှေ့သမားဆုကို ရွှေဝါထွန်း (နှစ်ရှည်ဥယျာဉ်) က ရရှိသွားသည်။

**ရွှေခါးပတ်ချီးမြှင့်**

ပွဲစဉ်(၄၂)တွင် အလွတ်တန်းရွှေခါးပတ်ချန်ပီယံဖြစ်သွားသော လုံးချော (KLN)အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ရွှေခါးပတ်ဝတ်ဆင် ချီးမြှင့်ပေးသည်။ ယခုပြိုင်ပွဲကြီးတွင် ရွှေခါးပတ်ချန်ပီယံ အများဆုံးမွေးထုတ်နိုင်ခဲ့သဖြင့် အမှတ်အများဆုံးရရှိသွားသော ဘိလပ်မြေစက်ရုံ ရိုးရာလက်ဝှေ့အဖွဲ့အား ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က တံခွန်စိုက်ဆုဖလားချီးမြှင့်ပေးအပ်ရာ ဘိလပ်မြေစက်ရုံ ရိုးရာလက်ဝှေ့အဖွဲ့ဥက္ကဋ္ဌ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးငွေဝင်းနှင့်အဖွဲ့က လက်ခံရယူသည်။ (ကြေးမုံ)



**ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၇)လမ်းနေ ကွယ်လွန်သူ နှစ်ဖက်မိဘများအားရည်စူး၍ ဦးညိုဖေဦး-ဒေါ်သိန်းညွန့် မိသားစု (လှမျိုးစုံရာ အထည်ဆိုင် မင်္ဂလာဈေး)က အလှူငွေ ကျပ်နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့လှူဒါန်းရာ အလုပ်အမှုဆောင် ဦးသိန်းလင်းဇော် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)

ချောင်လေ ဝေးဝေး
မှူးယစ်ဆေး

## ဟင်းသီးဟင်းရွက်စားသောက်ရာ အန္တရာယ်ကင်းဖို့သတိပြုလိုက်နာ

လူတို့ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် နေ့စဉ်စားသောက်သည့် အစားအစာများတွင် ရောဂါကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များနှင့် သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကိုပါ စားသုံးရန် လိုအပ်ပါသည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများ စားသုံးရာတွင် သဘာဝအတိုင်း မဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည့် ဓာတုပစ္စည်းများပါဝင်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာ၍ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်း လျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ ကင်ဆာရောဂါများဖြစ်ပွားခြင်း စသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။

သို့ပါ၍ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများစားသုံးရာတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးန္တရာယ်ကင်းရှင်းစေရန် အတွက် အောက်ပါအချက်များကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

**လိုက်နာရမည့်အချက်များ**

၁။ သဘာဝအတိုင်း စိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးပါ။
၂။ ဓာတုဆေးများအသုံးပြု၍ ဝါဝင်းနေအောင်ပြုလုပ်ထားသော သစ်သီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင်အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ၊ အစားအသောက်များထဲတွင် မပါဝင်စေရန် ဟင်းသီးဟင်းရွက်များကို မလိုးမဖြတ်ခင် ရေသန့်သန့်နှင့် စင်ကြယ်စွာဆေးကြောပါ။
၄။ ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်စားသောက်ပါ။
၅။ အစိမ်းစားမည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရေသန့်သန့်ဖြင့် အထပ်ထပ်ဆေးပြီးမှ စားသုံးပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

## ဗီယက်နမ်အသံလွှင့်ဌာန ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် မေ ၂၁**

ဗီယက်နမ်အသံလွှင့်ဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့အကြား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဗီယက်နမ်အသံလွှင့်ဌာန (Radio the Voice of Vietnam -VOV) မှ Chief of VOV's Bureau in Central Vietnam, Mr. Tran Son Ngoe ခေါင်းဆောင်ပြီး အဖွဲ့ဝင်သုံးဦးပါဝင်သော ဗီယက်နမ်အသံလွှင့်ဌာန ကိုယ်စားလှယ်အဖွဲ့သည်ယနေ့နံနက် ၈ နာရီတွင် လေကြောင်းခရီးဖြင့်ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



**မေ ၂၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်တွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းနှင့် လူမှုရေးအဖွဲ့အစည်းဝင်များစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးကြစဉ်။** (၃၂)

**အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့
၂၀၀၆ ခုနှစ် မေလ ၂၂ ရက်**




**ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်**

## အစည်းအဝေးတက်ရောက်ရန် ဘူတန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် မေ ၂၁**

ဘူတန်နိုင်ငံ ပါရိုမြို့၌ မေ ၂၂ ရက်မှ ၂၅ရက်အထိ ကျင်းပမည့် ပထမအကြိမ် ဘင်းစတက် (BIMSTEC) ယဉ်ကျေးမှုဆိုင်ရာ ဝန်ကြီးအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိများ အစည်းအဝေးပွဲတက်ရောက်ရန်အတွက် ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေသည် မေ ၂၀ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေအား ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၅-၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅ ၈။ ဆပ်သွားတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၅:၀၅ ၆။ အကပဒေသာ
၅:၁၅ ၇။ မြန်မာ့ရိုးရာတောခလေ့ကျေးလက်တေးသံသာများ
၅:၂၅ ၈။ မြန်မာစာမြန်မာစကား
၅:၃၅ ၉။ **"မနိုင်သောအရှုံး" (ဟက်ကက်၊ဇင်ရဲထက်၊ခိုင်သင်းကြည်) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)**
၅:၅၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ အတီးပြိုင်ပွဲ
၆:၅၀ ၁၄။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၇:၀၅ ၁၅။ အဆိုပြိုင်ပွဲ
၇:၁၅ ၁၆။ မံဆောင်းတံတား (ချင်းပြည်နယ်)
၇:၀၅ ၁၇။ အကပြိုင်ပွဲ
၇:၃၅ ၁၈။ တေးဂီတအစီအစဉ်
၇:၅၀ ၁၉။ မြန်မာမှုပန်းဆယ်မျိုး(ပန်းပဲ)
၈:၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ" (အပိုင်း-၁၅)**
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

# အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**ရန်ကုန် မေ ၂၁**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်း တာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကတွယ်ကျေးရွာ၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဂျပန်နိုင်ငံ Shonan Association for Building School House အဖွဲ့တို့ ပူးပေါင်း၍ ဆောက်လုပ် လှူဒါန်းသည့် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ဖွင့်လှစ်ပေး**

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ဂျပန်နိုင်ငံမှ Shonan Association for Building School House ဥက္ကဋ္ဌ မစ္စတာရာမဒဆကာအဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက အဖွင့်အမှာစကား ပြောကြားပြီး မစ္စတာရာမဒဆကာအဲက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူတို့က ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းယဉ်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အဖွဲ့သည် ဆောက်လုပ်ပြီးစီးသွားသည့် ကျောင်းဆောင်သစ်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာအုပ်များ လိုက်လံပေးဝေကာ ကတွယ်ကျေးရွာအတွင်း ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူပင်ကို အမှတ်တရ စိုက်ပျိုးပေးကြသည်။ (သတင်းစဉ်)



**ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်ရန်ကင်း တိုက်(၂၃၀)နေ ဦးကံညွန့်၊ ဒေါ်ဝင်းကြည် မိသားစုတို့က ဦးကံညွန့်၏ (၇၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ နာယက ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၀)ဖြန့်ချိ

**ရန်ကုန် မေ ၂၁**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၀)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ ဒိုင်ယာရီ၊ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် ရန်ကုန်ရောက်၊ ကမ္ဘာ့ဖလားပွဲကို ရှစ်ပေစလောင်းလိုင်း လေးလိုင်းမှ တရားဝင်ပြသခွင့်ရ၊ ဖျာပုံ တံတားပေါ်မှ ရန်ကုန်-ဖျာပုံ-ဘိုကလေးသို့ ကားဖြင့် တိုက်ရိုက်ဆက်သွယ်သွားလာနိုင်တော့မည် စသည်ဖြင့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖခင်သြဇာသည် သားသမီးတို့၏ အလုပ်အကိုင်ပေါ် ရိုက်ခတ်မှုရှိ၊ ကြွက်ကလေးများသုံးကာ မိုင်းရှင်းမည်၊ စာအုပ်သစ်ရိုက်နှိပ်မှုတွင် စာကြမ်းပိုး ဗြိတိန်က အမေရိကန်ကိုကျော်တက် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ ဖျော်ဖြေရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၂၂၆၈၅၈ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ (က-ပ)



# မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်

**၂၀၀၆ခုနှစ် မေ ၂၁ ရက် မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်**
**ယနေ့နံနက် ၀၉း၃၀ နာရီထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဖြစ်မြဲထက် ၅ ဒီဂရီ စင်တီဂရိတ်ပိုခဲ့ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ တနင်္သာရီတိုင်းတွင် ဖြစ်မြဲအောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်**မှာ ကလေးဝမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပါသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**၂၀၀၆ ခုနှစ် မေ ၂၂ ရက် ညနေထိ ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | |
|---|---|
| အမြင့်ဆုံးအပူချိန် ၂၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၅ဒီဂရီဖာရင်ဟိုက်) | ၂၀-၅-၂၀၀၆ |
| အနိမ့်ဆုံးအပူချိန် ၁၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၇ ဒီဂရီဖာရင်ဟိုက်) | ၂၁-၅-၂၀၀၆ |
| ၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း | ၂၁-၅-၂၀၀၆ |
| နေပူသည့်နာရီပေါင်း မရှိပါ | ၂၀-၅-၂၀၀၆ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၁-၅-၂၀၀၆ | (၁ဒသမ၃၈လက်မ) | (၂ဒသမ၂၄လက်မ) | (၄ဒသမ၁၄လက်မ) |
| ၁-၁-၂၀၀၆ရက်မှ ယနေ့အထိ | (၁၂ဒသမ၆၀လက်မ) | (၁၄ဒသမ၀၉လက်မ) | (၁၄ဒသမ၄၉လက်မ) |

**ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၀-၅-၂၀၀၆ နေ့ ၁၁း၅၀ နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၁၅ မိုင်နှုန်း တိုက်ခတ်သည်။**

# မင်ခြစ်လက်ရာ တစ်ကိုယ်တော်ပန်းချီပြပွဲ

**ရန်ကုန် မေ ၂၁**

မင်ခြစ်လက်ရာတို့ကို စုစည်းထားသော ပန်းချီလှမြင့်ဆွေ၏ တစ်ကိုယ်တော်ပန်းချီပြပွဲကို Grand မီးရထားဟိုတယ်၌ ဖွန်လဆန်းတွင် ပြုလုပ်သွားမည်ဟု သိရပြီး ပန်းချီကားပေါင်း ၆၀ကျော် ပါဝင်ပြသမည်ဖြစ်သည်။

**ပြသမည်**

ပန်းချီလှမြင့်ဆွေသည် နှစ်ပေါင်းများစွာကတည်းက Sketch လိုင်းများတွင် ပိုမိုအားသန်သည်။ ထို့ကြောင့် ယခုပြသမည့် တစ်ကိုယ်တော်ပန်းချီပြပွဲတွင် လူရုပ် (Figure) နှင့် ခန္ဓာဗေဒ (Anatomy)များသာ ပြသမည်ဟု သိရသည်။

၎င်းသည် Sketch များ မှန်ကန်စွာ ထည့်သွင်းရေးဆွဲနိုင်သူဖြစ်သဖြင့် ပန်းချီဆရာကြီး ဦးလွန်းကြွယ်က ပန်းချီပညာကို လေ့လာလိုက်စားရာတွင် ကြိုးစားလိုစိတ်ရှိပြီး ခွဲလုံ့လဖြင့် ဆောင်ရွက်လုပ်ကိုင်တတ်ကြောင်း ချီးမွမ်းစကားကို ပြောကြားခဲ့သည်။



**ပန်းချီလှမြင့်ဆွေ၏ မင်ခြစ်လက်ရာတစ်ခု။**

Sketch ဖြင့် ထူးထူးခြားခြား ရုပ်လုံးဖော်ထားသော ပန်းချီကားများကို တစ်မူထူးခြားစွာ ပြသထားမည့် တစ်ကိုယ်တော်ပန်းချီပြပွဲဖြစ်သည်။ (၁၉)

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**၂၁-၅-၂၀၀၆**

**လောင်းလုံ**
၆ ဒသမ ၂၂ လက်မ

**မြိတ်**
၄ ဒသမ ၆၅ လက်မ

**ရေးနှင့် ရန်ကုန်(မြို့လယ်)**
၄ ဒသမ ၁၄ လက်မစီ

**ထားဝယ်**
၃ ဒသမ ၉၀ လက်မ

**ရန်ကုန်(ကမ္ဘာအေး)**
၂ ဒသမ ၂၄ လက်မ

**ကိုကိုးကျွန်း**
၂ ဒသမ ၁၂ လက်မ

**မော်လမြိုင်**
၁ ဒသမ ၇၇ လက်မ

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၂-၅-၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

**၇း၀၀** ၁။ မြဝတီအဖွင့်
**၇း၀၅** ၂။ အဖွင့်သီချင်း
**၇း၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
**၇း၁၅** ၄။ မျိုးချစ်တပ်မတော်
**၇း၂၀** ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
**၇း၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
**၇း၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇း၅၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈း၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈း၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈း၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
**၈း၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

**၄း၀၀** ၁။ မြဝတီအဖွင့်
**၄း၀၅** ၂။ အဖွင့်သီချင်း
**၄း၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
**၄း၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၄း၃၀** ၅။ လက်စွမ်းပြဟန်ဂီတသံ
**၄း၄၀** ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
**၅း၀၀** ၇။ မျိုးချစ်တပ်မတော်
**၅း၁၀** ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
**၅း၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
**၆း၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
**၆း၁၀** ၁၁။ နိုင်ငံတကာသတင်း
**၆း၂၀** ၁၂။ မိုးလေဝသသတင်း
**၆း၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆း၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
**၇း၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မေတ္တာသည်သာ (အပိုင်း-၁၇)**
**၈း၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ မေးမြန်းစူးစမ်း
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကောင်းကင်သိုင်းကွက် (အပိုင်း-၃၁)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

## ပြည်ပအားကစား သတင်းများ

# စပိန်လိဂ် ဂိုးအများဆုံးသွင်းသူဆု ဘာစီလိုနာ တိုက်စစ်မှူးအီတိုရရှိ

**ဘီလ်ဘို (စပိန်)  မေ ၂၁**

စပိန်လိဂ် ဘောလုံးပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းနိုင်သည့် ဘောလုံးသမားဆုကို ကင်မရွန်းလူမျိုး တိုက်စစ်မှူး အီတိုဆွတ်ခူးရရှိကြောင်း မေ ၂၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

နှစ်အလိုက် အာဖရိကအကောင်းဆုံး ဘောလုံးသမားဆုကို ရရှိထားသူ အီတိုသည် လက်ရှိဘောလုံးရာသီအတွက် စပိန်လိဂ်ဘောလုံးပြိုင်ပွဲ၏ ဂိုးအများဆုံးသွင်းနိုင်သော ဘောလုံးသမားဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားခြင်းဖြစ်သည်။

အီတိုသည် အဆိုပါဆုဖလားကို ရရှိခြင်းအတွက် ၎င်း၏ ဘာစီလိုနာအသင်းမှ အသင်းဖော် ဘောလုံးသမားများအားလုံးကို ကျေးဇူးတင်စကားဆိုရင်း ချီးကျူးလိုက်သည်။

စပိန်လိဂ်ဘောလုံးပြိုင်ပွဲ၏ ဂိုးအများဆုံးသွင်းနိုင်သော ဘောလုံးသမားဆုအတွက် အီတိုနှင့် အဓိက ယှဉ်ပြိုင်ရသူမှာ ဗလင်စီယာအသင်းမှ ဒေးဗစ် ဗီလာဖြစ်သည်။



**ဘာစီလိုနာ တိုက်စစ်မှူး ဆမ်မြူယယ်အီတို။** *(ဓာတ်ပုံ–အင်တာနက်)*

ဘာစီလိုနာအသင်းနှင့် အက်သလက်တစ်ဘီလ်ဘိုအသင်းတို့ စနေနေ့က ယှဉ်ပြိုင်ကစားစဉ်အတွင်း အဖွင့်ဂိုးသွင်းယူခဲ့သည့် အီတိုသည် ယင်းပွဲအပြီးမှာပင် ဒေးဗစ်ဗီလာသွင်းယူခဲ့သည့် ဂိုးအရေအတွက်ထက် တစ်ဂိုးအသာရရှိကာ ဂိုးအများဆုံးသွင်းနိုင်သည့် ဘောလုံးသမားဆုကို ရရှိခြင်းဖြစ်သည်။

အီတိုသည် စပိန်လိဂ် (လီဂါ)ဘောလုံးပြိုင်ပွဲတွင် စုစုပေါင်း ၂၆ ဂိုးသွင်းယူခဲ့ရာ ဘရာဇီးလူမျိုး အသင်းဖော် ရိုနယ်ဒင်ဟိုထက် ကိုးဂိုးအသာရရှိသည်။ ***အင်တာနက်။***



**ချယ်လ်ဆီးအသင်းမှ အာဂျင်တီးနားလူမျိုး တိုက်စစ်မှူး ဟာနန်ခရက်စပို။** *(ဓာတ်ပုံ–အင်တာနက်)*

# ခရက်စပိုနှင့် ဂတ်ဂျွန်ဆင်တို့ကို အသင်းပြောင်းရွှေ့ခွင့် ပေးနိုင်ဟုဆို

**လန်ဒန်  မေ ၂၁**

အင်္ဂလန် ချယ်လ်ဆီးဘောလုံးအသင်း၏ နှစ်ပတ်လည်ဘောလုံးသမားရောင်းချသည့် ကာလမှာ စတင်တော့မည်ဖြစ်ကြောင်း၊ မန်နေဂျာ ဟိုဆေးမော်ရင်ဟိုသည် အသင်းရွှေ့ပြောင်းခွင့် ပေးနိုင်သော ဘောလုံးသမားများ အမည်စာရင်းကို ထုတ်ပြန်ကြေညာရာတွင် ခရက်စပိုနှင့် ဂတ်ဂျွန်ဆင်တို့ ပါဝင်ကြောင်း မေ ၂၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အာဂျင်တီးနားလူမျိုး တိုက်စစ်မှူး ဟာနန်ခရက်စပိုသည် လွန်ခဲ့သည့် ဘောလုံးရာသီအပြီးတွင် အေစီမီလန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။

ခရက်စပိုသည် ချယ်လ်ဆီးအသင်းမှ ထွက်ခွာသွားရန် ဆန္ဒရှိနေဆဲဖြစ်ပြီး ၎င်းအား ကမ်းလှမ်းသည့်အသင်းများကို မိမိတို့ စောင့်ဆိုင်းနေကြောင်း၊ ယခုလောလောဆယ်တွင် ၎င်းကို မည်သည့်အသင်းကမျှ ကမ်းလှမ်းခြင်း မရှိသေးကြောင်း ပေါ်တူဂီလူမျိုး မန်နေဂျာ မော်ရင်ဟိုက ပြောကြားသည်။

အိုက်စလန်ကျွန်းသား နိုင်ငံတကာဘောလုံးသမား အီဒူးဂတ်ဂျွန်ဆင်သည် အလွန်တော်သည့် ဘောလုံးသမားဖြစ်ပြီး ချယ်လ်ဆီးတွင် ဆက်လက်ရှိနေရန် မိမိတို့ လိုလားကြောင်း၊ သို့ရာတွင် ၎င်းကို စိတ်ဝင်စားသည့် အခြားအသင်းများနှင့် မိမိတို့ ဆွေးနွေးရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***



**လီဗာပူး တိုက်စစ်မှူး ဂျီဘရေးဆစ်စီ။** *(ဓာတ်ပုံ–အင်တာနက်)*

# မာဆေးလ်ကလပ်တွင် ကစားရန် ဂျီဘရေးဆစ်စီ စိတ်ဝင်စား

**လီဗာပူး  မေ ၂၁**

အကယ်၍ ပြင်သစ်မာဆေးလ်ကလပ်အသင်းက မိမိအား ခေါ်ယူရန် စိတ်ဝင်စားပါက ယင်းအသင်း၌ ပါဝင်ကစားရန် မိမိစိတ်ဝင်စားကြောင်း လီဗာပူး တိုက်စစ်မှူး ဂျီဘရေးဆစ်စီက ပြောကြားသည်ဟု မေ ၂၁ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်မည့် ပြင်သစ်လက်ရွေးစင်အသင်းတွင် ပါဝင်သော ဂျီဘရေးဆစ်စီသည် အသက် (၂၄)နှစ် အရွယ်ရှိပြီး လီဗာပူးအသင်းအတွက် ၂၂၁ ပွဲကစားခဲ့ရာ၌ ၉၈ ဂိုးသွင်းယူခဲ့သူဖြစ်သည်။

ဂျီဘရေးဆစ်စီသည် နိုင်ငံတကာပွဲပေါင်း ၂၃ ပွဲတွင် ကိုးဂိုးသွင်းယူခဲ့ပြီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲပြီးဆုံးချိန်အထိ ၎င်း၏ အနာဂတ်ရေးနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ဦးမည်မဟုတ်ဟု ဆိုသည်။ ***အင်တာနက်။***



**မေ ၂၄ ရက်မှ ၃၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်ကျင်းပမည့် လေးနိုင်ငံ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး ခေါင်းဆောင်သော ပိုက်ကျော်ခြင်းအဖွဲ့အား အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ)တွင် တွေ့ရစဉ်။** (အား/ကာ)



# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်(၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင်ပေါက်ပွားသော ခြင်ပုန်း၊ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်–

**သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်**

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့်ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(စ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းစွာထားပါ။
(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။
(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။
လိုအပ်ပါက စည်ပင်သာရေးအဖွဲ့၏ အကူအညီကိုယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန်ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဒေါက်တာပင်ဒိုရာအောင်ကြီး ဦးဆောင်သော အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းအား အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)တွင် တွေ့ရစဉ်။**(အား/ကာ)

# ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

## ဘရာဇီး၊ ခရိုအေးရှားနှင့် ဂျပန်တို့ကြားမှ ဩစတြေးလျ



ကမ္ဘာ့ဖလား
ဘောလုံးပြိုင်ပွဲ
အကို




၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်က ဆစ်ဒနီမြို့တွင် ဩစတြေးလျနှင့် ဥရုဂွေးအသင်းတို့သည် ဒုတိယအကျော့ အဆုံးအဖြတ် ခြေစစ်ပွဲကို ကစားခဲ့ကြသည်။ ဩစတြေးလျက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သော်လည်း နှစ်ပွဲပေါင်းရလဒ်ချင်း တူနေသောကြောင့် ပယ်နယ်တီ အဆုံးအဖြတ်ကန်ရသည်။ ဩစတြေးလျက ၄-၂ ဖြင့် နိုင်ပြီး ခြေစစ်ပွဲအောင်သည်။

### အထင်ကရနေ့

တီဗွီကြည့် ပရိသတ် ၃ ဒသမ ၄ သန်းနှင့် တဲ(လ်)စထရာ ဘောလုံးကွင်းထဲမှ ပရိသတ် ၈၂၀၀၀ တို့က အဆုံးအဖြတ် ပယ်နယ်တီ ဂိုးသွင်းမည့် အလာဗက်စ်အသင်းမှ တိုက်စစ်မှူး ဂျွန်အလွိုက်ဆီကို မျက်တောင်မခတ် ကြည့်နေကြသည်။ ဩစတြေးလျ ဘောလုံးသမိုင်းတွင်တော့ အထင်ကရ နေ့တစ်နေ့ဟုပင် ခေါ်ရမည်ထင်သည်။



ဩစတြေးလျအသင်း နည်းပြ ဂုစ်ဟစ်ဒင့်။

### စိတ်ဓာတ်မြှင့်တင်

ဥရုဂွေးနှင့် အဆုံးအဖြတ်ပွဲ မကစားမီ အမျိုးသားလက်ရွေးစင် နည်းပြဆရာအဖြစ် ဖရန့်စ်ဖာရီနာနေရာသို့ အစားထိုးလိုက်သော ဒတ်ချ်လူမျိုး ဂုစ်ဟစ်ဒင့်သည် တောင်အမေရိကအသင်းကို အနိုင်ရရှိအောင် စိတ်ဓာတ်မြှင့်တင်ပေးခဲ့သောကြောင့် လေးစားချီးကျူးမှုခံနေရသည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားအတွက် အဆုံးအဖြတ် ခြေစစ်ပွဲအဖြစ် ဥရုဂွေးနှင့် ဩစတြေးလျအသင်းတို့ ကစားခဲ့ကြသည်။ ဥရုဂွေးအနိုင်ရပြီး ခြေစစ်ပွဲ အောင်သွားသည်။ မရိုးမသားဖြင့် ခြေစစ်ပွဲအောင်ခဲ့သည်ဟု ဥရုဂွေးအား စွပ်စွဲခဲ့ကြသည်။ ယခု ၂၀၀၆ ခုနှစ် ဆစ်ဒနီ၌ ဥရုဂွေးကို ပြန်အနိုင်ရရှိခြင်းသည် ဩစတြေးလျအတွက် ချိုမြိန်သော အောင်ပွဲတစ်ခုဖြစ်သည်။

### ၃၂ နှစ်ကြာ

ဩစတြေးလျအသင်းသည်နှစ်ပေါင်း ၃၂ နှစ်ကြာမှ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ပြန်လည် ဝင်ရောက်ခွင့်ရသည်။ ပြင်းပြင်းထန်ထန် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဩစတြေးလျအသင်းမှာ မိမိကိုယ်မိမိ ယုံကြည်မှုများ ပြည့်ဝလျက်ရှိနေသည်။ ၁၉၇၄ ခုနှစ် အနောက်ဂျာမနီ ကမ္ဘာ့ဖလားအုပ်စုပြိုင်ပွဲတွင် ဩစတြေးလျသည် အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီအသင်းများကို ရှုံးနိမ့်ခဲ့သည်။ ချီလီနှင့် ဂိုးမရှိသရေကျသည်။

ဤတစ်ကြိမ် အုပ်စုပတ်လည် ပြိုင်ပွဲတွင် အုပ်စု ဒုတိယနေရာအတွက် ဩစတြေးလျအသင်းမှာ အကြိတ်အနယ် ယှဉ်ပြိုင်ပြီးရယူနိုင်သော အခွင့်အရေးရှိသည်။ အုပ်စုပထမအဖြစ် ဘရာဇီးကို လူကြိုက်များနေကြသည်။ ခရိုအေးရှားနှင့် ဂျပန်ကို အကြိတ်အနယ် ကစားရမည်။ ခရိုအေးရှားနှင့်ပွဲကို ခက်ခက်ခဲခဲ ကစားရဖွယ်ရှိသည်။ မဲလ်ဘုန်းတွင် ခရိုအေးရှားလူမျိုးအများစုနေထိုင်လျက်ရှိရာ ပရိသတ်၏ ဖိအားပေးမှုဒဏ်ကို ခံရမည်။

ဩစတြေးလျအသင်း၌ ဥရောပအသင်း ၁၅ သင်းတွင် ကစားနေသူ ဘောလုံးသမား အများအပြားပါဝင်လျက်ရှိသည်။ မဲဘုန်း ဗစ်ခ်ထရီမှ တိုက်စစ်မှူး အာချီသော်ပက်ဆင်



### ဂမ်ဆိုင်း

တစ်ဦးတည်းသာ ပြည်တွင်းလိဂ်တွင် ကစားနေသူဖြစ်သည်။ ကစားသမားအများစုသည် အင်္ဂလန်ကလပ်အသင်းများတွင် အခြေချကစားနေကြသည်။ ထို့ကြောင့် ဩစတြေးလျသည် တောင့်တင်းသော အသင်းတစ်သင်းဖြစ်သည်။ ချစ်ကြည်ရေးပွဲများ ကစားရန် အသင်းရှိ ကစားသမားအားလုံး ဩစတြေးလျသို့ ပြန်လာရန် အခက်အခဲ ပြဿနာများရှိမည်ဖြစ်ရာ ယင်းပြဿနာများအား ရှောင်ရှားရန် ချစ်ကြည်ရေးပွဲများကို ဥရောပမြေပေါ်တွင် ကစားကြမည်။

နည်းပြဆရာ ဟစ်ဒင့်သည် ၃-၅-၂ ပုံစံဖြင့် ကစားလိမ့်မည်။ ဤကစားကွက်က တိုက်စစ်ကို ပို၍အားပြုထားသည်။ ကွင်းလယ်ကစားသမားများဖြစ်ကြသော တင်မ်ခါဟီးလ်နှင့် ဟယ်ရီကီး ဝဲလ်၊ မာကိုဘရက်စ်ဆီယာနိတို့သည် ရှေ့တန်းတိုက်စစ်မှူးများ ဖြစ်ကြသော အလွိုက်ဆီနှင့် မာ့က်စ်ဗီဒူကာတို့နှင့် တွဲဖက်ပြီး ဂိုးရအောင် ဖန်တီးကြလိမ့်မည်။ နောက်တန်းကို ရွေးချယ်ရာတွင် ကန့်သတ်မှုများရှိသည်။ အဆင့်မြင့်ပြိုင်ပွဲကြီးများတွင် နောက်တန်းသုံးယောက်ထားကစားသော စနစ်ကို စမ်းသပ်ကျင့်သုံးခဲ့သည်။ ဘလက်ဘန်းမှ လူးကပ်စ်နေးလ်က အဓိကဦးဆောင်ကစားသွားမည် ဖြစ်သည်။

### အားနည်းစရာဖြစ်

ဟစ်ဒင့်၏ အကြီးမားဆုံးသော စွမ်းပကားမှာ လွန်ခဲ့သော လေးနှစ်က တောင်ကိုရီးယားအသင်းကို ကမ္ဘာ့ဖလား ဆီမီးအဆင့်အထိ တက်အောင်လုပ်ပြသကဲ့သို့ အသင်းတစ်သင်းကို ထူးထူးခြားခြား ဖြစ်သွားအောင် လုပ်နိုင်သော စွမ်းရည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နောက်ဆုံးအဆင့်သို့ မရောက်ခင် သူသည် ဩစတြေးလျအသင်းကို ခြောက်ပတ်တိတိ လေ့ကျင့်ပေးခဲ့သည်။ လေ့ကျင့်ပြင်ဆင်ချိန်မရခြင်းမှာ ဩစတြေးလျအသင်းအတွက် အားနည်းစရာဖြစ်နေသည်။ ။

ဩစတြေးလျ ဘောလုံးအသင်းကို တွေ့ရစဉ်။

## မော်တော်ကားမှန်များတွင် စတစ်ကာကပ်ပါက ထိရောက်စွာ အရေးယူမည်

ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတစ်ကာကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ လိုက်ကာများ ကာရံခြင်းဖြင့် အကာအကွယ်ယူ၍ ဒစရိုက်မှုများ ကျူးလွန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၈ ခုနှစ် ဧပြီလမှစ၍ ထိရောက်သောဒဏ်ငွေများ သတ်မှတ်ပြီး အရေးယူခြင်းများဆောင်ရွက်ခဲ့သဖြင့် စတစ်ကာကပ်ခြင်းများ ရပ်တန့်သွားခဲ့ပါသည်။ သို့သော် ယခုအခါ အချို့ယာဉ်များသည် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို လျစ်လျူရှု၍ စတေကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ ပြန်လည်တပ်ဆင်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းအတွင်း စတစ်ကာများ၊ လေစုပ်ခွက်များနှင့် လိုက်ကာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များအား ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ



ကိုးဘွဲ့ရ ဆရာတော် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ) ၏ မွေးနေ့ အလှူတော်ပွဲကို မေ ၇ ရက်က သမိုင်း ကျိုက်ဝိုင်း ပေါက်တန်း ဒိတ်ကုန်းကျောင်းတွင် ကျင်းပရာ ရဟန်းအမကြီး ဒေါ်ကျင်မြင့် (သမီးငယ်)၊ မမေဇင် (သမီးကြီး)၊ ဦးအောင်စိုး-ဒေါ်ယဉ်ယဉ်မြတ် ကန်တော်မင်္ဂလာ တောင်ညွန့် မိသားစုက ဝိဟာရဒါန အလှူတော်ငွေကျပ်သုံးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)



လပွတ္တာမြို့နယ် ကန်ဘက်ရွာ မဟာအောင်မြေစံကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိတအား ရည်စူး၍ ကန်ဘက်ရွာနေ ဦးဇော်ဝင်း-ဒေါ်အေးအေး၊ သား မောင်မင်းသစ်ထွန်း မိသားစုက မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သို့ ထာဝရဆွမ်းပဒေသာပင် ငွေကျပ်သုံးသိန်းကို လှူဒါန်းရာ အလှူရှင်များကိုယ်စား အစ်ကိုဖြစ်သူ ဦးစိုးဝင်းက ဥက္ကဋ္ဌ ဦးတင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မေ ၁၃ ရက်က မော်လမြိုင်မြို့ မောင်ငံရပ် အောက်လမ်းမကြီးနေ ဦးသန်းဆွေ-ဒေါ်ခင် မြင့် မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးကိုမင်း လက်ခံရယူစဉ်။ (၂၅၇)



ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၇)ရပ်ကွက်၊ ပဏ္ဍိတလမ်းနေ ဗိုလ်မှူးမျိုးသိမ်း (ငြိမ်း)-ဒေါ်မေသန်းဝင်း၊ သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။ (က-ပ)

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် တွေ့ဆုံ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် မေ ၂၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ခရီးအလည်အပတ် ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာဟီမာရက်အူဒင်သည် မေ ၁၉ ရက် ညနေ ၃နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံရာ၌ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးအတွင်းဝန်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာမိုဟာမက် ခိုင်ရူဇာမန်နှင့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့များလည်း တက်ရောက်ကြသည်။**

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေး အတွင်းဝန် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ မေ ၁၈ရက်က ရောက်ရှိခဲ့ပြီး ခရီးစဉ်အတွင်း နိုင်ငံခြားရေး

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ☆



**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး အတွင်းဝန် မစ္စတာ ဟီမာရက်အူဒင် လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

**ဆွေးနွေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေး အတွင်းဝန် ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ် အဖွဲ့သည် မြန်မာနိုင်ငံ၌ ရောက်ရှိနေစဉ်အတွင်း မေ ၁၉ရက် နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအဆင့်မြင့် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို နီကိုးရှိုင်ရယ်လိပ်ဟိုတယ် အစည်းအဝေး ခန်းမ၌ကျင်းပခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။ ယင်းနေ့ညနေပိုင်းတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီးတို့က ညော်သည်တော်နိုင်ငံခြားရေး အတွင်းဝန်နှင့် ဇနီးနှင့် အဖွဲ့အား နီကိုးရှိုင်ရယ်လိပ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းညော်ခံသည်။

# NLD ပါတီသည် အနောက်မျှော်ဝါဒကိုသာအလေးထားပြီး အာဏာရရှိရေးကိုသာ ဦးတည်လုပ်ဆောင်နေ နိုင်ငံတော်အတွင်း မတည်ငြိမ်အောင် ဖရိုဖရဲဖြစ်အောင် ထိတ်လန့်တုန်လှုပ်မှုဖြစ်အောင် အမျိုးမျိုးသွေးထိုးလှုံ့ဆော် ကြံစည်နေ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုအပေါ် အပြည့်အဝယုံကြည်အားထားမှု ဖြစ်ပေါ်လာ၍ PSLA၊ SSNA တို့ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့မှုကို သာဓကအဖြစ် တွေ့မြင်နိုင် အချိန်ကုန်ခံပြီး ငါတကောကော၍မနေလိုတော့သည့်အတွက် နမ္မတူ NLD ကို ဖျက်သိမ်းပြီးစုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၁

**ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှဥက္ကဋ္ဌ ဦးမြအောင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်ငြိမ်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းထွန်း၊ အတွင်းရေးမှူး(၁) ဦးအိုက်ကျန်၊ အတွင်းရေးမှူး (၂) ဦးတင်ထွန်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မြင့်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ကြည်ကြည်မြင့်၊ ဦးဆန်းဝင်း၊ ဦးကျော်နိုင်ဦးတို့ ကိုးဦးသည် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာတွင် စုပေါင်းလက်မှတ်ရေးထိုးကာ မေ ၆ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများ ပေးပို့ အကြောင်းကြားခဲ့သည်။**

နမ္မတူမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ နမ္မတူမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ ကိုးဦး၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် နမ္မတူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၂၀၀၂ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများကို အလေးထားဆောင်ရွက်ကာ ၎င်းတို့ဒေသရှိ ပြည်သူလူထုတို့၏ အကျိုးစီးပွားကို တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၏ လုပ်ရပ်များကို ပြန်ကြည့်လျှင် အနောက်မျှော်ဝါဒကိုသာ အလေးထားပြီး အာဏာရရှိရေးကိုသာ ဦးတည်၍ ဆောင်ရွက်သည်ကို တွေ့နေရကြောင်း၊ ၎င်းတို့ပါတီ၏ အခြေအနေကိုပြန်ကြည့်လျှင် မင်းသားမလုပ်ရလျှင် ပတ်မကြီးကို ထိုးဖောက်မည်ဆိုသည့် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်နေကြောင်း၊ ယင်းအကြံအစည် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အတွင်း မတည်ငြိမ်အောင် ဖရိုဖရဲဖြစ်အောင် ပြည်သူလူထုငြိမ်းချမ်းနေသည်ကို

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

**ရွှေဝါထွန်း(နှစ်ရှည်ဥယျာဉ်)၏ ဘယ်လက်သီးချက် လုံးချော (KLN)၏ မျက်နှာကို ထိမှန်သွားစဉ်။**

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)



# ဝင်းထွန်းက စောလူမင်းကို ဒုတိယအချီ၌ အလဲထိုး လုံးချောနှင့် ရွှေဝါထွန်းပွဲ ငါးချီရေကုန်ရေခန်း ထိုးရ

**သတင်း–ဇင်လင်းထွန်း(ခနေဖြူ)၊ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)**

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ကိုယ်အလေးချိန်တန်းအလိုက် တံခွန်စိုက် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီး ဗိုလ်လုပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်၊ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်မင်း၊ဦးမြင့်စိုးတို့တက်ရောက်ကြည့်ရှုအားပေးပြီးဆုများချီးမြှင့်သည်။

ပြိုင်ပွဲတွင် ပွဲစဉ်(၃၃)အဖြစ် ၄၈ ကီလို လိုက်ဖလိုင်းဝိတ်တန်း၌ နိုင်ဝင်း(ဘီလပ်မြေစက်ရုံ)နှင့် မိုးသီး(မြန်မာပြည်သား)တို့ ယှဉ်ပြိုင်ကြသည်။ ပထမအချီစကတည်းကပင် နိုင်ဝင်းက တိုက်စစ်ဖွင့်သည်။ မိုးသီးက ဆီမီးတွင် စောသဲဝေအား အနိုင်ယူခဲ့သော ဗျူဟာမျိုးဖြင့် နိုင်ဝင်း အဝင်ကိုစောင့်ကာ ထောက်ဖြောင့်လက်သီးများသုံးရန် ကြိုးစားသည်။ နိုင်ဝင်းက လက်သီးနောက်တွင် ဒူးတွဲကာ မာမာတင်းတင်းဝင်ပြီး ပူးမိချုပ်မိသွားလျှင်လည်း လုပ်တတ်ကိုင်တတ် ရှိသောကြောင့် မိုးသီး ခရီးမရောက်ဘဲ နိုင်ဝင်း၏တိုက်စစ်အောက်တွင် သတ်လုံးပျောက်နေသည်။ ငါးချီအပြည့်ယှဉ်ပြိုင်ကြပြီး အမှတ်ပေးဒိုင်လူကြီးငါးဦးစလုံးက နိုင်ဝင်းကို အနိုင်ပေးလိုက်သဖြင့် နိုင်ဝင်းသည် လိုက်ဖလိုင်းဝိတ်တန်း ရွှေခါးပတ် ချန်ပီယံအဖြစ် အောင်ပွဲခံသွားသည်။

ပွဲစဉ် (၃၄) ၅၁ကီလိုဖလိုင်းဝိတ်တန်းတွင် ရွှေကျည်ဆန်(ဘီလပ်မြေစက်ရုံ)နှင့် ထစ်ချုန်း (KLN) တို့ ယှဉ်ပြိုင်ကြရာ ထစ်ချုန်းက ညာဖြတ်ခြေအကန်တွင် ရွှေကျည်ဆန်က နောက်လှန်ရှောင်ရင်း ညာခြေတန်ပြန်ကန်သည်။ ခြေကန်နောက်တွင် လက်သီးလိုက်ရင်းက ပူးမိကြသောအခါတွင်လည်း ကျည်ဆံ၏ ချုပ်ဒူးများ

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❋